ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တော်သလင်းလကွယ်၊ သောကြာနေ့၊ (8-10-2010) (၆၃၄၅)

# ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ

## ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

# အင်းလေးကန်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၇**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွင့်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးနှင့်အတူ အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ တပ်နယ်ခန်းမ၌ တပ်နယ်မိသားစုဝင်များအားလည်းကောင်း၊တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလည်းကောင်း တွေ့ဆုံသည်။**

ယင်းနောက် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေး၍ ဆေးဝါးကုသမှု ခံယူနေကြသည့် လူနာများအား အားပေးစကား ပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | * အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထောက်အကူပြု သင်္ဘောကျင်းများ



အလုံ သင်္ဘောကျင်း၌ ရေယာဉ်များ တည်ဆောက်နေသည့် မြင်ကွင်းတစ်ရပ်။

*သတင်းဆောင်းပါး - ရဲဝင်းဆောင်(ကြေးမုံ)*
*ဓာတ်ပုံ - ပြည်တွင်းရေကြောင်း*

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခရီးသွားပြည်သူတို့ အားထားရသည့် ပို့ဆောင်ရေးလုပ်ငန်းများအနက်မှ တစ်ခုဖြစ်သည်။ ခရီးသွားပြည်သူများနှင့် ကုန်စည်များ သယ်ယူပို့ဆောင်ရေးအတွက် သင်္ဘောများ အချိန်အဟုန်မပျက် ပြေးဆွဲနိုင်ရန်နှင့် ကောင်းမွန်ကြံ့ခိုင်နေစေရေးအတွက် သင်္ဘောကျင်းများက အထောက်အကူပေးလျက်ရှိသည်။**

သင်္ဘောကျင်းများအနေဖြင့် သင်္ဘောများ ပုံမှန်ပြေးဆွဲနိုင်ရေးသာမက သင်္ဘောများကို စီးနင်းသူ ခရီးသည်များ လုံခြုံစိတ်ချစွာ လိုက်ပါစီးနင်းနိုင်စေရန်အတွက် ရေယာဉ်ပြင်ဆင်မှုများကို ပြုလုပ်ပေးလျက်ရှိသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာနလက်အောက်တွင် သင်္ဘောကျင်းခြောက်ခုရှိရာ ယင်းသင်္ဘောကျင်းများသည် သက်ဆိုင်ရာဌာနခွဲများမှ ပြေးဆွဲနေသော သင်္ဘောများ အချိန်အဟုန်မပျက် ပြေးဆွဲနိုင်ရန်အတွက် အချိန်နှင့်တစ်ပြေးညီ ပြုပြင်မွမ်းမံမှုများကို ပြုလုပ်ပေးလျက်ရှိသည်။

**ဒလသင်္ဘောကျင်း**

ဒလသင်္ဘောကျင်းသည် သက်တမ်းအရှည်ဆုံး သင်္ဘောကျင်းတစ်ခုဖြစ်ပြီး သင်္ဘောများ အသစ်တည်ဆောက်ခြင်း၊ အဟောင်းပြုပြင်ခြင်းတို့ကို အထူးဆောင်ရွက်ပေးလျက်ရှိသည်။

ဒလသင်္ဘောကျင်းသည် ၂၀၀၁-၂၀၀၂ခုနှစ်တွင် တန်ချိန် ၁၄၀၀ရှိ ရေယာဉ်များကိုပါ ရေလုံကျင်းအတွင်းသွင်း၍ ရေယာဉ်များပြင်ဆင်နိုင်သည်အထိ တိုးချဲ့ **စာမျက်နှာ ၇ ကော်လံ၁သို့**



**စစ်တွေ သင်္ဘောကျင်း၌ သင်္ဘောတစ်စင်းကို ကျင်းတင်ပြင်ဆင်နေစဉ်။**

ကြေးမုံ The Mirror

၈-၁၀-၂၀၁၀
(သောကြာနေ့)

# သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဆက်လက်မြှင့်တင်

ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်နေသည့် ကြီးမားသောစိန်ခေါ်မှုများကို လယ်ယာစိုက်ပျိုးသောနိုင်ငံတိုင်း ရင်ဆိုင်ကြုံတွေ့နေကြရသည်။ အဆိုပါ စိန်ခေါ်မှုများကို နိုင်ငံတကာအဆင့်နှင့် ဒေသတွင်းအဆင့်နိုင်ငံများအားလုံး ပူးပေါင်း၍ ကြိုးပမ်းဖြေရှင်းကြရပေမည်။

စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ FAO ၏ အကြိမ်(၃၀)မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အစည်းအဝေးကို ကိုရီးယားသမ္မတနိုင်ငံ ဂျွန်ကျူးမြို့တွင် စက်တင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် စားနပ်ရိက္ခာ ဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးထုတ်လုပ်မှု မထိခိုက်စေရေးစသည့် လုပ်ငန်းဆိုင်ရာအခြေအနေများကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများသည်လည်း ရာသီဥတု ပြောင်းလဲရိုက်ခတ်မှုများ၏ သက်ရောက်မှုများကို အနည်းနှင့်အများ ကြုံတွေ့ကြရသည်။ သီးနှံများစိုက်ပျိုးထုတ်လုပ်မှု ထိခိုက်မှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင် စီစဉ်အားထုတ်မှုများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တစ်မျိုးသားလုံး၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအရေးပါသဖြင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရေး ကြိုးပမ်းနေသည်။ ရေအရင်းအမြစ်ရရှိနိုင်မည့် အခြေအနေများကို ဖော်ထုတ်နေသည်။ ဆည်တမံမြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေ ရရှိရေးလုပ်ငန်းများကို ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ ဆည်တမံပေါင်း ၂၃၃ ခု၊ မြစ်ရေတင်လုပ်ငန်း ၃၂၇ ခု၊ မြေအောက်ရေ ရေတွင်းပေါင်း ရှစ်ထောင်ကျော်တို့ကို ဆယ်စုနှစ် နှစ်စုအတွင်း တည်ဆောက်ဖန်တီးပေးနိုင်ခဲ့ပြီဖြစ်သည်။ ဆည်ရေသောက် စိုက်ပျိုးမြေများ တိုးတက်လာပြီး မိုးစပါး၊ နွေစပါးသာမက ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ချည်မျှင်ရှည်ဝါနှင့် သီးထပ်သီးနှံများတိုး၍ စိုက်ပျိုးအကျိုးဖြစ်ထွန်းလျက်ရှိသည်။

ယခုအခါ ဆန်စပါးတစ်မျိုးတည်းပင် အထွက်တင်းသန်းပေါင်း ၁၅၀၀ ကျော် ထွက်ရှိနေပြီ။ နိုင်ငံလူဦးရေနှင့် စားသုံးမှုအရ ဖူလုံပိုလျှံနေသဖြင့် ဆန်စပါးအပါအဝင် အခြားသီးနှံများ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းကြရဦးမည်။ မြန်မာနိုင်ငံသည် FAO အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြင့်မားဆုံးစွမ်းဆောင်ရည်ဖြင့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားအောင် ဆက်လက်ကြိုးပမ်းအားထုတ်နေကြပြီ ဖြစ်ပါသည်။ ။

## (၄၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ စည်ပင်သာယာရဲတပ်ဖွဲ့ (ရန်ကုန်)၌ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

(၄၆) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် စည်ပင်သာယာရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ စည်ပင်သာယာရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပေးပို့သော (၄၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို စည်ပင်သာယာရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်မြင့်က ဖတ်ကြားသည်။

ယင်းနောက် ရဲမှူးကြီးကျော်မြင့်နှင့် ဇနီး ဒေါ်ရင်ရင်ပိုတို့က သင်တန်းများတွင် ဆုရရှိသူ တပ်ဖွဲ့ဝင်များ၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး လေးဘာသာရရှိသူ နှစ်ဦး၊ ၊ သုံးဘာသာရရှိသူ တစ်ဦး၊ တစ်ဘာသာရရှိသူ နှစ်ဦး၊ ရိုးရိုး အောင်မြင်သူ ၁၈ ဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့် နေအိမ်လိုင်းခန်း သန့်ရှင်းရေးဆုရရှိသူ သုံးဦးတို့အား ဆုများချီးမြှင့်ခဲ့သည်။**(အောက်ပုံ)**

(ရဲတပ်ဖွဲ့)



**ပြည်သူ့သဘောထား**

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၇**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ BKB Co., Ltd. ဥက္ကဋ္ဌ Mr. Si Woo Chung နှင့်အဖွဲ့သည် အောက်တိုဘာ ၅ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လာရောက်တွေ့ဆုံ**

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ BKB Co., Ltd. ဥက္ကဋ္ဌ Mr. Si Woo Chung နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင် မဲရုံဖွဲ့စည်းမှုနှင့် ဆန္ဒမဲပေးခြင်းသရုပ်ပြမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးညွန့်တင်သည် သထုံခရိုင် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ လိုက်ပါလျက် အောက်တိုဘာ ၄ ရက် နံနက် ၁၁ နာရီခွဲတွင် သထုံမြို့ သုဝဏ္ဏခန်းမ၌ ကျင်းပသည့် မြို့နယ်ကော်မရှင် အဖွဲ့ဝင်များ၏ မဲရုံဖွဲ့စည်းမှုနှင့် ဆန္ဒမဲပေးခြင်း သရုပ်ပြမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အခမ်းအနားတွင် သထုံမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုများနှင့် ပြည်သူများစနစ်တကျ ဆန္ဒမဲပေးခြင်း အဆင့်ဆင့်တို့ကို သရုပ်ပြသကြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က လိုအပ်သည့်အချက်များနှင့် ရွေးကောက်ပွဲလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ မဲရုံခင်းကျင်းထားရှိမှု၊ မဲလက်မှတ်ထုတ်ပေးခြင်း၊ လျှို့ဝှက်ဆန္ဒပြုသည့် နေရာများနှင့် ဆန္ဒမဲပုံးနေရာများ သတ်မှတ်ခြင်းနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်း ပြောကြားသည်။**(အောက်ဝဲပုံ)**

အဆိုပါသရုပ်ပြပွဲသို့ သထုံမြို့နယ် အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ ကိုယ်စားလှယ် အရာရှိများ၊ စစ်သည်များ၊ မြို့ပေါ်ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





## လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်

**ဝိုင်းမော် အောက်တိုဘာ ၇**

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် ကတ္တရာလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးယုန်ဖု ဆောင်ရွက်နေခြင်းကို အမှုဆောင်အရာရှိ ဦးငွေလွင်စိုးက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

## ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဝင် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်ကော်မရှင် အဖွဲ့ခွဲဝင် ဦးစိုးနိုင်ဦးသည် စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၌ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းနှင့် မဲစာရင်းများ ကြေညာထားရှိမှု အခြေအနေများ၊ မဲရုံမှူးဆင့်ပွားသင်တန်းများ ပို့ချဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ် ပညာရေးမှူးရုံးတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးအဖြစ် တာဝန်ယူဆောင်ရွက်ကြမည့် ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ ဆောင်ရွက်ကြမည့် လုပ်ငန်းတာဝန်များ၊ ဥပဒေ၊ နည်းဥပဒေပါ လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး သုံးခွမြို့ အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်တွေ့ဆုံ၍ မဲစာရင်းနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း ကြေညာထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ကြေးမုံ)



## ရွှေတောင်-ပြည်ဒေသကောလိပ်-ပြည်ကောလိပ် (၁၉၇၆-၁၉၈၅) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၇**

ရွှေတောင်-ပြည်ဒေသကောလိပ်နှင့် ပြည်ကောလိပ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့်ပြီးသော ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် မဟာသုခဇောတိက ကျောင်းတော်ကြီး အလယ်ထပ်ခန်းမ (သုံးထပ်ဆောင်) ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဘုန်းကြီးလမ်း ပြည်မြို့၌ ကျင်းပမည်ဖြစ်ပြီး ဦးကြည်ပါမောက္ခ(ငြိမ်း) ပထဝီ ပြည်မြို့ ဖုန်း-၀၅၃-၂၅၉၆၀၊ ဦးစိန်ဝင်း (ပြည်ရတနာ) ဖုန်း-၀၉-၅၃၁၁၅၅၉၊ ဦးဇော်ဝင်း (မြတ်မွန်ကားပစ္စည်းဆိုင်) ဖုန်း-၀၉-၅၃၁၁၅၉၃၊ ဦးအေးလွင် (အောင်ပွဲဝင်ဘော်ဒါ) ဖုန်း-၀၉-၅၃၇၄၃၆၃၊ ဦးစန်းကြူ (အင်ဂျင်နီယာ၊ ရန်ကုန်) ဖုန်း-၀၉-၅၀၅၂၂၀၀၊ ဒေါ်ခင်နှင်းအောင် ဖုန်း-၀၉-၅၀၀၈၆၆၄၊ ဒေါ်နွဲ့မွန် ဖုန်း-၀၉-၅၁၃၄၅၃၆၊ ဒေါ်ကြည်ကြည်ညွန့် -ဖုန်း-၀၉-၅၀၂၂၇၃၄၊ ဦးသန်းဌေး-ဖုန်း-၀၉-၅၁၁၀၇၇၂၊ ဒေါက်တာထိန်ဝင်း-ဖုန်း-၀၉-၅၁၁၆၀၄၉၊ ဒေါ်မိမိအောင် -ဖုန်း-၀၉-၅၀၅၁၉၆၆၊ ဦးတင်အောင်မိုး (ခ)ဆန်နီ-ဖုန်း-၀၉-၅၁၄၈၁၉၄၊ ဦးစိုးလှိုင် ဖုန်း-၀၉-၅၁၄၉၇၃၅၊ ဦးအောင်သင်းဦး ဖုန်း-၀၉-၅၃၆၆၁၆၅၊ ဦးအေးချို(စိုင်းထီးဆိုင်) ဖုန်း-၀၅၃-၆၂၂၀၄၊ ဦးချစ်ခိုင် (ပြည်မြို့) ဖုန်း-၀၅၃-၂၈၀၇၄၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃၁၂၁၀၅၊ ဦးလှထွန်းဝင်း ဖုန်း-၀၉-၅၃၁၀၄၄၆၊ ဒေါ်ခင်လှမွန် ဖုန်း-၀၉-၅၀၇၇၂၀၈နှင့် ဦးခင်မောင်ညွန့် ဖုန်း-၀၉-၅၃၁၁၉၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မုံရွာမြို့ ဗောဓိတစ်ထောင်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မုံရွာမြို့ ဗောဓိတစ်ထောင်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၇

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့ ဗောဓိတစ်ထောင်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိပြီး ရုပ်/သံ ထုတ်လွှင့်နေမှုနှင့် ပတ်ဝန်းကျင် ဒေသများသို့ ပျံ့နှံ့ရောက်ရှိမှု အခြေအနေ၊ FM ရေဒီယိုများ ထုတ်လွှင့်နေမှုအခြေအနေ၊ ရုပ်/သံလွှင့် ဆက်သွယ်ရေး အင်တင်နာတိုင်များနှင့် ဂြိုဟ်တုဆက်သွယ်ရေး စလောင်းများ၏ ကြံ့ခိုင်ထိန်းသိမ်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဝန်ကြီးက ထပ်မံတိုးချဲ့မည့် ရုပ်/သံ အစီအစဉ်သစ်များ၊ FM ရေဒီယို အစီအစဉ်သစ်များအတွက် တပ်ဆင်မည့်စက်ပစ္စည်းများရောက်ရှိလာပါက အသင့် တပ်ဆင်ထုတ်လွှင့်နိုင်စေရန် လိုအပ်မည့်ဆက်စပ်လုပ်ငန်းစဉ်များအားလုံးကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ လျှပ်စစ်မီးနှင့် မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်၊ စက်ရုံ၏ လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်သွားရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|
| (က) ဗိုလ်မှူးကြီးမျိုးလှိုင် ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန |
| (ခ) ဒေါက်တာစိုးဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |

## Yangon Trade Fair တွင် Mistral Air Cooler အထူးဈေးနှုန်းဖြင့် ရောင်းချမည့်အစီအစဉ်

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် Yangon Trade Fair ကုန်စည်ပြပွဲ၏ Monarch Company Ltd. ၏ KHIND, Mistral အရောင်းပြခန်းတွင် မလေးရှားနိုင်ငံလုပ် KHIND တံဆိပ်နှင့် ဩစတြေးလျနိုင်ငံတွင် ကျော်ကြားသော Mistral တံဆိပ် အဆင့်မြင့်အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံကို မူလရောင်းဈေးမှ လျှော့၍ ရောင်းချပေးမည်ဟု သိရှိရသည်။

ထို့ပြင် Mistral တံဆိပ်နည်းပညာ ဆန်းသစ်သော ၃၆၀ ဒီဂရီ ပတ်လည်လှည့် ပန်ကာနှင့် ဒီဇိုင်းအသစ် ပန်ကာများ၊ လျှပ်စစ်အသားကင်စက်၊ မိုက်ခရိုဝေ့အသားကင်စက်၊ ချက်ပြုတ်ကြော်လှော်ရာတွင် မြန်ဆန်ပြီး လျှပ်စစ်ဓာတ်လိုက်ခြင်း အန္တရာယ်ကင်းဝေးသည့် လျှပ်စစ်သံလိုက်မီးဖိုများ (Induction Cooker) နှင့် အခြားအိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံတို့ကို သက်သာသည့် ဈေးနှုန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

KHIND NANO ကျန်းမာရေး အထောက်အကူပြု ပန်ကာအသစ်များ ရောက်ရှိလာပြီး နာနိုပန်ကာတွင် ကျန်းမာရေးလေစစ်ကိရိယာ သုံးဆင့်ပါဝင်ကြောင်း၊ စက်ရုံများနှင့် လုပ်ငန်းတွင် သုံးစွဲရန် Industrial Fan Series တွင် ၂၄ လက်မအရွယ် Stand Fan, Wall Fan, Exhaust Fan ပန်ကာများရရှိနိုင်ကြောင်း၊ အိမ်သုံးပန်ကာ အမျိုးပေါင်း ၃၆ မျိုးကျော်ရောင်းချလျက်ရှိပြီး ပန်ကာ၊ မော်တာများကို အာမခံ ငါးနှစ် ပေးထားကြောင်း၊ KHIND ခြင်ဖမ်းစက်မှာ ဟိုတယ်၊ စားသောက်ဆိုင်၊ ရေထွက်ပစ္စည်းများ ထုပ်ပိုးသည့် အအေးခန်း၊ အလုပ်ရုံများ၊ ဆေးရုံ၊ ဆေးခန်းများတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုကြကြောင်း၊ KHIND(Oven Toaster) အသားကင်စက်၊ ဖုန်စုပ်စက်နှင့် လျှပ်စစ်မီးပူများမှာလည်း ရေရှည်အသုံးခံကြောင်း၊ MACO အမှတ်တံဆိပ် အဝတ်လျှော်စက်များနှင့် Chest Freezer များမှာ စံချိန်စံညွှန်းမီ အရည်အသွေး အပြည့်အဝရှိကြောင်း သိရှိရသည်။

လက်လီလက်ကားဝယ်ယူလိုသူများအတွက် အောက်မြန်မာပြည် MACO Electronic (KHIND Digital World) Showroom အမှတ် (၂၀၄) မြေညီထပ် စက်ရုံလမ်း (MOB ဘဏ်ဘေး) မင်္ဂလာဈေးအနီး တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၅၁၃၀၊ ၉၀၀၀၀၀၇၊ ၇၃၀၃၆၅၄၈၊ ၇၃၀၅၀၀၁၃နှင့် အထက်မြန်မာပြည် KHIND Electro World အရောင်းခန်းမသစ် အမှတ် (၁၃၄) ၂၆လမ်း၊ ၈၃× ၈၄ လမ်းကြား အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၃၆၇၂၀နှင့် ၀၂-၉၁၀၂၂၅၃၆တို့တွင် ဆက်သွယ် မေးမြန်းဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၈-၁၀-၂၀၁၀ (သောကြာနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "လူဖြစ်ပြီလား"တရားတော် (ဆရာတော် ဘဒ္ဒန္တဝေပုလ္လဇောတိ) |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၃၇)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၄)** |
| ၈း၄၀ | A Night of Pop (Part-6) |
| ၉း၂၅ | ထူးထူးခြားခြားကုသိုလ်ယူ မော်လမြိုင်မြို့မှဆေးပဌာန်းအလှူ |
| ၉း၄၀ | Movie Talk (မြန်မာ့ရုပ်ရှင်နေ့ဆွေးနွေးခန်း) |
| ၁၀း၀၅ | ရေနံမြေမှ သာသနာ့ဝန်ထမ်း ဆရာတော်ဘဒ္ဒန္တဇနိတ၏ စိန်ရတုဝိဇာတမင်္ဂလာ |
| ၁၀း၂၀ | Activities In The City (ပီရီတွန်ရဲ့တေးသီချင်းဆိုပြိုင်ပွဲ) |
| ၁၀း၃၀ | The Champion of Dance |
| ၁၁း၀၀ | သူတို့ဘဝသူတို့ဟာသ (ဦးစိန်ပန်း) |
| ၁၁း၂၀ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း) |
| ၁၁း၃၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၁၂း၀၅ | Activities In The City (သာကေတမြို့နယ်ရှခင်းသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ) |
| ၁၂း၂၀ | ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ |
| ၁၂း၃၅ | ဗုဒ္ဓဝင်အမေးအဖြေ (အပိုင်း-၂) [အ. ထ. က(၁)ဒဂုံကျောင်းသားကျောင်းသူများ] |
| ၁း၀၀ | "လူဖြစ်ပြီလား"တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Style ရှိမှ Star ဖြစ်မယ် |
| ၃း၁၀ | Activities In The City (ပီရီတွန်ရဲ့တေးသီချင်းဆိုပြိုင်ပွဲ) |
| ၃း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၃၇)** |
| ၄း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၄)** |
| ၄း၄၅ | ထူးထူးခြားခြားကုသိုလ်ယူ မော်လမြိုင်မြို့မှဆေးပဌာန်းအလှူ |
| ၅း၀၅ | MNL Preview |
| ၅း၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | Science For All (ကားဝယ်စီးလျှင်တာယာအကြောင်းသိထားသင့်သည်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၃၈)** |
| ၇း၂၀ | A Night of Pop (Part-7) |
| ၈း၀၀ | MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် |
| ၈း၃၀ | ဂီတသရုပ်ပြခန်း (စောသက်-လွမ်းလိုက်တာ မောင်ရယ်) |
| ၈း၅၅ | အနုပညာမိုးကောင်းကင် |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၅)** |
| ၁၀း၁၀ | ဖက်ရှင်လမ်းညွှန် (Park Royal Wedding Fair) |
| ၁၀း၂၅ | VJ Choice |
| ၁၀း၅၀ | ရေနံမြေမှ သာသနာ့ဝန်ထမ်း ဆရာတော်ဘဒ္ဒန္တဇနိတ၏ စိန်ရတုဝိဇာတမင်္ဂလာ |
| ၁၁း၀၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၁၁း၂၀ | သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်မင်းဟိဏ်းနှင့်တွေ့ဆုံခြင်း) |
| ၁၁း၅၅ | မှောင်သော်လည်း လင်းနိုင်စွမ်းရှိသူများ |
| ၁၂း၀၅ | Activities In The City (သာကေတမြို့နယ် ရှခင်းသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ) |
| ၁၂း၁၅ | World of Knowledge (Is It Real; King Aurthur) |
| ၁း၀၅ | ပညာအလင်းဖြင့် လှပသော အနာဂတ် နေ့သစ်များဆီသို့ |
| ၁း၁၅ | အောင်မြင်သူတို့၏ဘဝ (ကျော်ကြားသူတို့၏အလွဲများ) |
| ၁း၄၀ | အလှဆင်စရာပရိဘောဂကမ္ဘာ (မြနန်းပုံပရိဘောဂ) |
| ၁း၅၀ | Box Office Movies (The Curious Case of Benjarmin Button) |
| ၂း၂၅ | လွန်းတင်သည့်ကြိုး (ဇင်ဝိုင်း၊ ဇင်မျိုး၊ မြတ်ကေသီအောင်၊အိဖြိုးချယ်ရီ) (ဒါရိုက်တာ-Nova) |
| ၂း၄၀ | Shooting Location (ဆရာမအိမ်) |
| ၂း၅၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၃း၅၅ | မှော်လင့်ခြင်း၏အလင်းရောင်သစ် |
| ၄း၂၀ | ကြည်နူးဖူးမဝလေပြီ. . . ကျိုက်မရောမြို့၏ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည် |
| ၄း၄၀ | ဗုဒ္ဓဝင်အမေးအဖြေ (အပိုင်း-၂) [အ. ထ. က(၁)ဒဂုံကျောင်းသားကျောင်းသူများ] |
| ၅း၀၀ | အစီအစဉ်ပြီး။ |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် MRTV-4 (Free To Air) ရုပ်သံလိုင်းဖမ်းယူကြည့်ရှုနိုင်သော နေရာဒေသများ

**နေပြည်တော် အောက်တိုဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် MRTV-4 ရုပ်သံလိုင်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ ပြည်သူလူထုအနေဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်စေရန် Free To Air VHF Analogue စနစ်ဖြင့်ပါ ထုတ်လွှင့်ပေးလျက်ရှိသည်။

ယခုအခါ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်သို့ MRTV-4 (Free To Air) ရုပ်သံလိုင်းကို VHF စနစ်ဖြင့် Channel(4)မှ ထုတ်လွှင့်ပေးလျက်ရှိရာ ကြည့်ရှုသူများအနေဖြင့် MRTV နှင့် MWD ရုပ်သံလိုင်းများကဲ့သို့မိမိတို့အိမ်ရှိ ရိုးရိုး VHF တီဗွီအင်တင်နာဖြင့်ပင် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်သည်။

ဖမ်းယူကြည့်ရှုနိုင်သော နေရာဒေသများမှာ-

(က) မန္တလေး၊ ပုသိမ်ကြီး၊ ဆည်တော်၊ မတ္တရာ၊ ပင်လယ်အင်း၊ ညောင်ဝန်း၊ စဉ့်ကူး၊ အနီးစခန်း၊ ပြင်ဦးလွင်။

(ခ) အမရပူရ၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ ဟံမြင်းမို၊ မြစ်သား၊ ကူမဲ၊ သာစည်၊ လှိုင်းတက်၊ ယင်းမာပင်၊ ဝမ်းတွင်း၊ ရွာပုလဲ။

(ဂ) အင်းဝ၊ တံတားဦး၊ ငါန်းဇွန်၊ ငါန်းမြား၊ မြို့သာ၊ နွားထိုးကြီး၊ မြောင်၊ ပခန်းကြီး၊ ဆီမီးခုံ၊ နွားဘူအိုင်၊ မြင်းခြံ၊ တောင်သာ၊ ပြင်စည်၊ မလှိုင်၊ မိတ္ထီလာ။

(ဃ) စစ်ကိုင်း၊ အုန်းတော်၊ မြင်းမူ၊ ရွာသာကြီး၊ ဝက်လက်၊ ချောင်းဦး၊ မုံရွာ၊ စိုင်ပြင်၊ ဒီပဲယင်း၊ ရေဦး၊ ခင်ဦး၊ ရွှေဘို၊ ဆိပ်ခွန်။

တို့ဖြစ်ပြီး အဆိုပါ နေရာဒေသများမှ MRTV-4 (Free To Air) ရုပ်သံလိုင်းကို ရုပ်သံအရည်အသွေး ကြည်လင်ပြတ်သား ကောင်းမွန်စွာဖြင့် ၂၄ နာရီ ပတ်လုံး ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၁၀-၂၀၁၀ ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၁)တွင် ဖော်ပြပါရှိသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသတင်း စာသားပါ ခရီးစဉ်ရက်စွဲအား စက်တင်ဘာ ၅ ရက်(အစား)အောက်တိုဘာ ၅ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

## ယာဉ်/လမ်းစည်းကမ်း ဟောပြော

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးမြင့်အောင်နှင့် အဖွဲ့သည် အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီအထိ လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ဆရာ၊ ဆရာမနှင့် ကျောင်းသားကျောင်းသူ ၃၀၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# “ဝ” ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၇

**“ဝ” ဒီမိုကရက်တစ်ပါတီမှ အထွေထွေအတွင်းရေးမှူး ဦးစိုင်းပေါင်းနပ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**



**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ မဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား-**

မင်္ဂလာအပေါင်းနှင့် ခညောင်းကြပြီး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမှာ မကြာတော့တဲ့ အချိန်ကာလအတွင်း ပြောင်းလဲလာသော မြန်မာ့သမိုင်းကြောင်းနဲ့အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ပြုလုပ်ကျင်းပသည်နှင့်အမျှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးအား မလွဲမသွေ တည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။

ဒီအတွက် တိုင်းရင်းသားပြည်သူ မဲဆန္ဒရှင်အပေါင်းအနေနဲ့ နိုင်ငံတော်ရှေ့ရေး အကျိုးအတွက် မိမိတို့ရဲ့ လွတ်တော်အဆင့်ဆင့် ကိုယ်စားလှယ်များကို ဆန္ဒမဲပေးပြီး ရွေးချယ်ရတော့မှာဖြစ်ပါတယ်။ ဒီလိုရွေးချယ်တဲ့နေရာမှာ မိမိတိုင်းပြည်ရဲ့ အနာဂတ်ကံကြမ္မာကောင်းမှုအတွက်ကို မိမိတို့ရဲ့ အသည်းနှလုံးကြားက မဲတစ်ပြားဟာ အဆုံးအဖြတ်ဖြစ်တဲ့အတွက် ဆန္ဒမဲပေးတဲ့နေရာမှာ မှန်မှန်ကန်ကန် တွေးခေါ်စဉ်းစားပြီးမှ ကိုယ့်မှာရှိတဲ့ ဆန္ဒမဲပြားကို လွတ်လပ်စွာ ပေးသွားဖို့ဖြစ်ပါတယ်။ ဒါမှ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ရွေးကောက်ပွဲကြီး အောင်မြင်လာပြီး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး မျှော်မှန်းတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်များ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဟာ ၂၀၀၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ မွေးဖွားလာခြင်းဖြစ်ပြီး “ဝ” ဒီမိုကရက်တစ်ပါတီဟာလည်း အဆိုပါ ၂၀၀၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လိုအပ်ချက်နှင့်အညီ မွေးဖွားလာတဲ့ ပါတီတစ်ရပ်ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အကြောင်းမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လုပ်သားပြည်သူနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများ၏ အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဖြစ်ကြောင်း တွေ့ရှိရသလို လုပ်သားပြည်သူများနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့ရဲ့ လွတ်လပ်မှု၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်ထောင်စုကြီးအတွင်း သာတူညီမျှမှုတို့ကို အာမခံချက်ပေးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ဖြစ်တယ်လို့ဆိုလာရင် ငြင်းပယ်သူမရှိဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ ဒီအတွက် ဤ ၂၀၀၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တိုင်းရင်းသားပြည်သူအပေါင်းတို့ရဲ့ လက်တွေ့ဘဝကို ထင်ဟပ်စေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဖြစ်ပါကြောင်း အလေးအနက် တင်ပြလိုပါတယ်။

အဲ့ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များဟာ ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ပြုလုပ်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ အစည်းအဝေးကြီးမှ ချမှတ်သည့် အခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများမှ ပေါ်ထွက်လာခြင်း ဖြစ်ပါတယ်။ ဤညီလာခံအစည်းဝေးကြီးကို ကျွန်တော်များ “ဝ” တိုင်းရင်းသားကိုယ်စားလှယ်များက (၁၄)ဦး တက်ရောက်ခဲ့ရပြီး အဲ့ဒီ(၁၄)ဦးအနက် အထူးဒေသ(၂)မှ “ဝ” ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့က ဖိတ်ကြားသင့်သူများအနေနဲ့ (၅)ဦး တက်ရောက်ခဲ့ပြီး “ဝ” အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးပါတီက ကိုယ်စားလှယ် (၅)ဦး တက်ရောက်ခဲ့ပါတယ်။ ကျန် (၄)ဦးဟာ တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့မှ “ဝ” တိုင်းရင်းသားကိုယ်စားလှယ်အနေနဲ့ အားကြိုးမာန်တက် တက်ရောက်ခဲ့ကြသူများ ဖြစ်ပါတယ်။

ကျွန်တော်များ “ဝ” တိုင်းရင်းသားများဟာ ဒီလို အားကြိုးမာန်တက်ပါဝင်ခဲ့တဲ့ အကြောင်းအရင်းအနေနဲ့ တင်ပြရမည်ဆိုလျှင် “ဝ” နယ်ဟာ ရှေးယခင်ကတည်းက ခေတ်အဆက်ဆက် ပစ်ပယ်ခြင်းခံခဲ့ရပြီး တိုးတက်ဖွံ့ဖြိုးမှု မရှိသလောက် ခေတ်နောက်ကျကျန်ခဲ့တဲ့ နယ်တစ်နယ်ဖြစ်ခဲ့ရပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀) ကျော်မတိုင်မီက သောင်းကျန်းသူ ဗကပများတို့က နှစ်ပေါင်း (၃၀) ခန့် ခြားမိုးအုပ်ချုပ်ခဲ့တဲ့ နယ်မြေဒေသလည်း ဖြစ်ခဲ့ရပါတယ်။ အဲဒီအချိန်မှာ နယ်သူနယ်သားများက လူမှုဒုက္ခပေါင်းနဲ့ လောကဓံတရားများကို ခါးသီးစွာ လက်တွေ့ခံစားခဲ့ကြရပါတယ်။ ဒီအဖြစ်မျိုးနဲ့ ကြုံဆုံခဲ့ရတဲ့ နယ်သူနယ်သားများအနေနဲ့ နောက်ထပ်တစ်ဖန် ပြန်လည်မကြုံတွေ့ရလေအောင် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနဲ့ တိုးတက်ဖွံ့ဖြိုးမှုများ အထူးလိုလားတဲ့အားလျော်စွာ နယ်မြေဒေသရဲ့ တိုးတက်ဖွံ့ဖြိုးမှုလုပ်ငန်းမှန်သမျှ လက်တွေ့အကောင်အထည်ဖော်နိုင်ရန်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ လက်လွတ်ဆုံးရှုံးခြင်း မရှိရလေအောင် ဤ ၂၀၀၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရကို လက်တွေ့ ခံစားလိုကြပါတယ်။ သို့ဖြစ်တဲ့အတွက် ကျွန်တော်များ “ဝ” နယ် မြောက်ပိုင်းသားနဲ့ တောင်ပိုင်းသားများအပြင် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ ရှမ်း၊ ကချင်နှင့် ကိုးကန့် တိုင်းရင်းသားများပါဝင်တဲ့ ကိုယ်စားလှယ်(၁၅)ဦးတို့က ဝိုင်းဝန်းညှိနှိုင်းကြပြီးနောက် ဤ “ဝ” ဒီမိုကရက်တစ်ပါတီ ဖွဲ့စည်းရန် သဘောတူဆုံးဖြတ်ကြပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ မဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား-**

ကျွန်တော်များ ဖွဲ့စည်းတဲ့ ဤ “ဝ” ဒီမိုကရက်တစ်ပါတီဟာ နိုင်ငံတော်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကို အလုပ်အကျွေးပြုရန် သန္နိဋ္ဌာန် ချမှတ်သည့်အလျောက် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုးတက်ဖွံ့ဖြိုးမှုများဟာ ရှေးဦးမူလပထမ ဖောက်ချလုပ်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဟု ခံယူပါတယ်။ တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်စွာနဲ့ မှန်ကန်တဲ့အသိ၊ လက်တွေ့ကျတဲ့ လမ်းစဉ်နဲ့သာ အကောင်အထည်ဖော်နိုင်ပါမှ အောင်မြင်မယ်ဟုလည်း ယုံကြည်သည့်အတိုင်း “ဝ” ဒီမိုကရက်တစ်ပါတီရဲ့ ခိုင်မာတဲ့ ရည်မှန်းချက်၊ ယုံကြည်ချက်၊ သန္နိဋ္ဌာန်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များနဲ့ တိုင်းရင်းသားလူမျိုးများအရေး၊ တောင်သူလယ်သမားများအရေး၊ အလုပ်သမားများအရေး၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များရဲ့ စီးပွားရေးလုပ်ငန်းများ၊ တပ်မတော်နှင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများအပေါ် ထားရှိသည့် သဘောထားများအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးရေးရာ၊ လူငယ်ကဏ္ဍ၊ အခြားလူထု လူတန်းစားအဖွဲ့အစည်းများနဲ့ မိမိပါတီရဲ့ နိုင်ငံခြားဆက်ဆံရေးမူဝါဒ လုပ်ငန်းစဉ်များတို့ကို စနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီတော့ ပါတီရည်မှန်းချက်နဲ့စပ်လျဉ်းပြီး တင်ပြရမည်ဆိုရင် -

“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဟာ ထာဝရတည်ငြိမ်အေးချမ်းမှုရှိပြီး နယ်မြေဒေသအတွင်း နေထိုင်ကြကုန်သော တိုင်းရင်းသားများအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ဖြစ်ပါတယ်။

ပါတီရည်မှန်းချက်နဲ့အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာနဲ့ မှန်ကန်သောအသိ၊ လက်တွေ့ကျသောလမ်းစဉ်များနဲ့သာ အကောင်အထည်ဖော်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒီလိုယုံကြည်သည့်အတိုင်း -

(၁) တည်ငြိမ်အေးချမ်းမှုရှိပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် ထာဝရတည်တံ့ရေး ဆောင်ရွက်သွားမည်။
(၂) နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားအားလုံးတို့နှင့်အတူ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို မိမိတို့ရဲ့ မွေးရာပါတာဝန်အဖြစ် အလေးအနက် ခံယူကျင့်သုံးသွားမည်။
(၃) ပါတီရဲ့ ရည်မှန်းချက်၊ မူဝါဒလုပ်ငန်းစဉ်များ လုံးဝအောင်မြင်တဲ့အထိ ခံယူကျင့်သုံး ဖော်ဆောင်သွားဖို့ သန္နိဋ္ဌာန်ချမှတ်လျက်ရှိပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ မဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား-**

ကျွန်တော်များ “ဝ” ဒီမိုကရက်တစ်ပါတီရဲ့ ရည်မှန်းချက်၊ ယုံကြည်ချက်အတိုင်း စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် တိကျခိုင်မာတဲ့ မူဝါဒများချမှတ်ပြီး ကျင့်သုံးဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်များရဲ့ မူဝါဒများ ရှင်းလင်းတင်ပြရမယ်ဆိုလျှင် -

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် အစဉ်ထာဝရ တည်ရှိရေး၊
၂။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊
၃။ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊
၄။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
၅။ ဒေသတွင်း ဘက်စုံတိုးတက်ဖွံ့ဖြိုးရေး၊
၆။ မူဝါဒနှင့် လမ်းစဉ်တူသော အခြားပါတီ၊ အဖွဲ့အစည်းများနဲ့ ပုဂ္ဂိုလ်များတို့ကို မဟာမိတ်အဖြစ်ခံယူပြီး လေးစားစွာဆက်ဆံရေးနဲ့ ဖြစ်နိုင်သော စီးပွားရေးနယ်ပယ်များတွင်လည်း ပူးပေါင်းဆောင်ရွက်ရေး၊
၇။ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ ကူညီအားပေးရေး၊
၈။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဦးတည်ချက်များကို အစဉ်တစိုက် စွဲမြဲစွာ ခံယူစောင့်ထိန်းရေး၊
၉။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေး၊
၁၀။ နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှု၊ အခွင့်အရေးတန်းတူမှု၊ ရပိုင်ခွင့်တန်းတူမှုနဲ့ အေးအတူပူအမျှ တစ်အူထုံ့ဆင်း ညီအစ်ကိုများဖြစ်သည့်အားလျော်စွာ အချင်းချင်း အပြန်အလှန်ယုံကြည်မှုဖြင့် ထာဝစဉ် စည်းလုံးညီညွတ်စွာ အတူတကွ လက်တွဲနေထိုင်ရေး၊
၁၁။ နိုင်ငံခြားရေးမူဝါဒနှင့် စပ်လျဉ်းပြီး လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒနှင့်အတူ ကမ္ဘာ့ငြိမ်းချမ်းရေး၊နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကို ရှေးရှုလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရန် အစဉ်ကြိုးပမ်းရေး၊
၁၂။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂရဲ့ အခြေခံမူဝါဒများ၊ နိုင်ငံတကာမှာ လိုက်နာကျင့်သုံးအပ်တဲ့ နိုင်ငံတစ်နိုင်ငံရဲ့ နယ်မြေတည်တံ့မှုနဲ့ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို လေးစားရေး၊ ကျူးကျော်တိုက်ခိုက်မှုမပြုရေး၊ မိတ်ကောင်းဆွေကောင်း ပီသစွာ တန်းတူရည်တူ ပေါင်းသင်းဆက်ဆံရေးတို့ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ပါတီရဲ့ လုပ်ငန်းစဉ်နဲ့ပတ်သက်၍ တင်ပြသွားလိုပါတယ်-

၁။ “ ဝ ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်စွာ နေထိုင်ရေး၊
၂။ နယ်မြေတည်ငြိမ်အေးချမ်းမှု ထာဝရတည်တံ့ခိုင်မြဲရေး၊
၃။ “ ဝ ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး၊
၄။ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်ဝပ်ပိပြားရေးအတွက် အဓိကထား ဆောင်ရွက်ရေး၊
၅။ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး စသည်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ မဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား-**

လူထုလူတန်းစားနဲ့ စပ်လျဉ်းလို့ ထားရှိတဲ့ သဘောထားများကို ဆက်လက်တင်ပြမည်ဆိုရင်-

၁။ တိုင်းရင်းသားလူမျိုးများ၏ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများကို လေးစားပြီး တိုးတက်ရှင်သန်အောင် အားပေးကူညီသွားရေး၊
၂။ တောင်သူလယ်သမား၊ အလုပ်သမားတို့ရဲ့ အခွင့်အရေး၊ အခြေခံရပိုင်ခွင့်များတို့ကို ဥပဒေနှင့်အညီ ခံစားခွင့် အပြည့်အဝရရှိစေတဲ့အပြင် ၎င်းတို့ရဲ့ လုပ်ငန်းများ၊လုပ်ငန်းခွင်များ ပိုမိုတိုးတက်ဖြစ်ထွန်းအောင် ဘက်ပေါင်းစုံမှ အားပေးကူညီသွားရေး၊
၃။ စီးပွားရေးမှာ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များရဲ့ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လွတ်လပ်စွာဆောင်ရွက်နိုင်သည့် ဈေးကွက်စီးပွားရေးမူဝါဒများဖော်ဆောင်သွားရေး၊ စီးပွားရေးလုပ်ငန်းမှ ရရှိသော အကျိုးအမြတ်များကိုလည်း မျှတစွာ ရရှိခံစားနိုင်ရန် အစီအမံပြု ဆောင်ရွက်သွားရေး၊
၄။ မလိုလားအပ်တဲ့ အဂတိလိုက်စားမှု၊ အကျင့်ပျက်မှုများနှင့် လာဘ်ပေးလာဘ်ယူမှုများ ပပျောက်အောင် ဆောင်ရွက်သွားရေး၊
၅။ သက်ကြီးရွယ်အိုများ၊ မိဘမဲ့များ၊ လေလွင့်လူငယ်များ၊ မသန်မစွမ်းသူများနှင့် ခိုကိုးရာမဲ့အမျိုးသမီးများအား ကူညီစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရေး၊
၆။ ပညာရေးအနေနှင့် မူလတန်းပညာကို မသင်မနေရ အခမဲ့သင်ကြားနိုင်ခွင့် ရရှိရေးနှင့် နိုင်ငံခြားပညာတော်သင် စေလွှတ်ရေးအပြင် ပုဂ္ဂလိကအစီအစဉ်နဲ့ နိုင်ငံခြားပညာဆည်းပူးမှု ခွင့်ပြုအားပေးသွားရေး၊
၇။ ပြည်သူ့ကျန်းမာရေးအစီအစဉ်မှာ သက်ကြီးရွယ်အိုများ ဆေးဝါးကုသမှု အခမဲ့ကုသခွင့်ရရှိရေးအတွက် ဆောင်ရွက်သွားရေး၊
၈။ နိုင်ငံတော်ကာကွယ်ရေးအင်အားမှာ တိုင်းရင်းသားမိဘပြည်သူများ၏ ရင်သွေးငယ်များဖြင့် ဖွဲ့စည်းထားသော လက်နက်ကိုင်တပ်မတော်သားများကို နိုင်ငံတော်အတွက် ကာကွယ်စောင့်ရှောက်သည့် မျိုးချစ်အင်အားစုကြီးအဖြစ် ခံယူပါသည်။ အစဉ်အမြဲ တောင့်တင်းခိုင်မာပြီး ခေတ်မီတိုးတက်သည့် တပ်မတော်ဖြစ်မှသာလျှင် နိုင်ငံတော်ကို စစ်စွမ်းရည်အပြည့်နဲ့ ကာကွယ်နိုင်တဲ့ တပ်မတော်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း အကျဉ်းချုံးတင်ပြလိုပါတယ်။

**လေးစားအပ်တဲ့ တိုင်းရင်းသားပြည်သူ မဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား-**

ကျွန်တော်များ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့ ရွေးကောက်ပွဲနေ့ရက်ကြီးဟာ ကျွန်တော်တို့ မြန်မာပြည်သူပြည်သားများထံ တစ်နေ့တခြား နီးလာအောင် ချဉ်းကပ်လာပြီ ဖြစ်ပါတယ်။ ပြည်သူများအနေနဲ့ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးနိုင်တဲ့ အခွင့်အရေးတစ်ရပ်လည်း ကိုယ့်လက်ထဲ တကယ်ရောက်ရှိနေပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်နဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်သွားနိုင်ရေးအတွက် လှည်းနေလှေအောင်း မြင်းဖောင်းမကျန် ဖောက်ချဆောင်ရွက်သွားကြရတော့မယ် ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူ မဲဆန္ဒရှင်များက မိမိကိုယ်စားပြုရတဲ့ မိမိပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်တဲ့နေရာတွင် လူမှန်နေရာမှန်၊ စေတနာမှန်သူများကို မှန်ကန်စွာရွေးချယ်နိုင်ရေးအတွက် ကျွန်တော်များ “ဝ” ဒီမိုကရက်တစ်ပါတီမှ ဆန္ဒမွန်ဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

# ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၇

**ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစောခင်မောင်မြင့်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်နှင့် ပတ်သက်သည်များကို ကျွန်တော် ဟောပြောတင်ပြလိုပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသား စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြသော တိုင်းပြည်တစ်ပြည်ဖြစ်သည်။ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော တိုင်းပြည်တစ်ပြည်ဖြစ်သည်။ မြန်မာပြည်တစ်ဝန်းလုံး၌ ရှိကြသော ရဟန်းရှင်လူ အပေါင်းတို့သည် ကိုယ်၊ စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဘေးရန်များ ကင်းဝေးကြပါစေဟု ပဏာမနိဒါန်းဖြင့် ဆုတောင်းမင်္ဂလာပြုအပ်ပါသည်။

ကျွန်ုပ်တို့နေထိုင်သော မြန်မာပြည်သည် ပဒေသရာဇ်စနစ်၊ ကိုလိုနီနယ်ချဲ့စနစ်နှင့် ဖက်ဆစ်ဝါဒစနစ်များ အမျိုးမျိုးဝင်ရောက်နှောင့်ယှက် ဖျက်ဆီးနေမှုကြောင့် ရှေးယခင်ကာလများက နိုင်ငံတော်၏ အာဏာစက်များ လက်လွတ်ဆုံးရှုံးခဲ့ကြရသည်။ အကျွန်ုပ်တို့ တိုင်းရင်းသားအပေါင်းတို့သည် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးကို အသက်ပေါင်းများစွာ စတေးခဲ့ကြရသည်။ အေဒီ ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့ ရောက်မှသာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်၌ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့သည်။

အကျွန်ုပ်တို့ တိုင်းရင်းသားအပေါင်းတို့သည် ညီညွတ်ရေးနှင့် တည်တံ့ခိုင်မြဲရေးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ မိမိတို့၏ တိုင်းပြည်အတွင်း၌ တည်တံ့ခိုင်မြဲစေရန် အလို့ငှာ နိုင်ငံသားတိုင်း၏ ကိုယ်ပိုင်အခွင့်အရေးရှိသော လွှတ်တော်များသို့ အကျွန်ုပ်တို့၏ "ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ"က ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

အကျွန်ုပ်တို့ပါတီသည် ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးမူဝါဒ၊ အချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးမူဝါဒ၊ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးမူဝါဒစသည့် ဦးတည်ချက်များဖြင့် တည်ထောင်ထားသော ပါတီကြီးတစ်ရပ်ဖြစ်သည်။ ဤသာမက အကြမ်းမဖက်သော၊ အကြမ်းဖက်အုပ်ချုပ်မှုမရှိသော မူဝါဒကို ကျင့်သုံးသော ပါတီကြီးတစ်ရပ်ဖြစ်သည်ကြောင့် ဤအခြေခံမူဝါဒအတိုင်း အကျွန်ုပ်၏ ပါတီက ကျင့်သုံးရန်၊ အကျွန်ုပ်တို့၏ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၏ ဖွဲ့စည်းတည်ဆောက်ပုံ အခန်း(၃)၌ ဤသို့ဖော်ပြထားပါသည်-

**အခြေခံမူဝါဒများ**

၁။ ကရင်အမျိုးသားတို့၏ ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့နှင့် ဓလေ့ထုံးတမ်းစဉ်လာ စသည်တို့ကို ထိန်းသိမ်းစောင့်ရှောက်သွားမည်။

၂။ လွတ်လပ်မှုနှင့်ဆိုင်သော အခြေခံအခွင့်အရေးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ရပိုင်ခွင့်များနှင့် ဒီမိုကရေစီအခွင့်အရေးများကို ကရင်အမျိုးသား အသိုက်အဝန်းအတွင်း၌သာမက မိမိနှင့် သက်ဆိုင်သော လူ့ဘောင် အသိုက်အဝန်း တစ်ရပ်လုံးအတွင်း၌ သက်ဝင်လှုပ်ရှားလာအောင် ကြိုးပမ်းဆောင်ရွက်မည်။

၃။ စစ်မှန်သောပြည်ထောင်စုကြီးတည်ထောင်ရာတွင် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုရှိရေး၊ သာတူညီမျှမှုရှိရေး၊ မှန်ကန်မှုနှင့် တရားမျှတမှုရှိရေး၊ ငြိမ်းချမ်းမှုရှိရေးအတွက် အစွမ်းကုန် ဆောင်ရွက်မည်။

၄။ ကရင်တစ်မျိုးသားလုံးအတွက် လွတ်လပ်ပြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သောဘဝကို ဖန်တီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

၅။ မည်သူမျှ၏ အကျိုးစီးပွားကိုမထိခိုက်စေဘဲ ကရင်တစ်မျိုးသားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးနှင့် အကျိုးစီးပွားတို့ကို တရားဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်မည်။

၆။ ကရင်တစ်မျိုးသားလုံးကို ထိခိုက်ပျက်စီးစေမည့် မူဝါဒများ၊ ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ထိခိုက်စေသည့် ပြုမူဆောင်ရွက်ချက်များကို ဥပဒေနှင့်အညီ အစွမ်းကုန် ခုခံဆောင်ရွက်မည်။

၇။ ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာ စသည်တို့ကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်ဆောင်ရွက်မည်။

အကျွန်ုပ်တို့၏ပါတီသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ကရင်အမျိုးသားတို့သည် တန်းတူညီမျှရေး၊ တရားမျှတရေး၊ လွတ်လပ်ရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကိုအခြေခံပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းပြည်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစသည်တို့ကို တည်ဆောက်ရန် ရည်မှန်းချက်ရှိသော ပါတီကြီးဖြစ်သည်။

ဤသည်သာမက

(၁) မညှဉ်းဆဲခြင်း (အဟိံသာ)

(၂) အမှန်ကိုသာပြောဆိုခြင်း (သစ္စဘာသန)

(၃) မခိုးဝှက်ခြင်း (အထေယျ)

(၄) မြတ်သောအကျင့် ကျင့်ခြင်း (ဗြဟ္မစရိယ)

(၅) မိမိအတွက် မသိမ်းပိုက်ခြင်း (အပရိဂ္ဂဟ)တည်းဟူသော လူမှုကမ္ဘာ ကျင့်ဝတ်သိက္ခာငါးဖြာကိုလည်း လေးစားတန်ဖိုးထားသော ပါတီကြီး တစ်ရပ်ဖြစ်သည်။

အကျွန်ုပ်တို့သည် တိုင်းပြည်အတွက်ဖြစ်စေ၊ ပြည်သူပြည်သားအတွက် ဖြစ်စေ ပေးအပ်လာသည့် တာဝန်ဟူသမျှ အနစ်နာခံမည်။ အခွင့်အရေးကို ယူရာ၌လည်း အနစ်နာခံမည်။ ခေတ်အဆက်ဆက်က အကျွန်ုပ်တို့၏ ပြည်သူပြည်သားတို့သည် အနစ်နာခံလိုခြင်း၊ ရဲရင့်ခြင်းနှင့် ရက်ရောခြင်းအမွေများ ရခဲ့ကြသူဖြစ်သည်။ ဤအမွေကြောင့် "မြန်မာနိုင်ငံ"ဟူသော တိုင်းပြည်ကြီးတစ်ပြည်ဖြစ်လာခဲ့သည်။ ဤသို့ဖြင့် တိုင်းသူပြည်သားနှင့် လောကသားတို့အတွက် မည်မျှအကျိုးကျေးဇူးများခဲ့သည်ဆိုသည်မှာ တိုင်းသူပြည်သားများ အသိပင် ဖြစ်သည်။

ဤနေရာ၌ အကျွန်ုပ်တို့ပါတီ၏ သဘောထားအမှန်ကို ဖော်ပြပါမည်။ "ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ"၏ ဖွဲ့စည်းတည်ဆောက်ပုံ နိဒါန်း စာမျက်နှာ(၁)တွင် ဤသို့ဖော်ပြထားပါသည်။

၁။ လူသားတို့၏အခွင့်အရေး (သက်ရှိမှန်သမျှ)ကို လေးစားမည်။

၂။ အကြမ်းမဖက်ခြင်းတရား (အဟိံသ)၊ မှန်ကန်မှုတရား (Truth) နှင့် တရားမျှတခြင်း (Justice) ကို လေးစားမည်။

၃။ တရားမျှတသော မိတ်ဝတ်မပျက် ပူးပေါင်းဆောင်ရွက်သောမှုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးမှုများကို လိုက်နာမည်။

၄။ မတရားမှုဟူသမျှကို ပြည်သူနှင့်အတူ ငြိမ်းချမ်းသောနည်းဖြင့် ပူးပေါင်းဆောင်ရွက်သောမှုကို လိုက်နာမည်။

၅။ မြန်မာ့အမျိုးသားများ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ရိုးရာ၊ ယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့အစဉ်အလာများကို မပျောက်မပျက် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်မှုကို လိုက်နာမည်။

၆။ လူသားတိုင်း ကြောက်ရွံ့ခြင်းမှ ကင်းဝေးအောင် မှန်ကန်မှု (Truth)၊ အကြမ်းမဖက်မှု (Ahinsa) တရားနှင့် တရားမျှတခြင်းများ တိုင်းပြည်၌ ထွန်းကားအောင် ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်မည်။

၇။ မိမိတိုင်းပြည်အပေါ် မတရားကိုင်တွယ်ခြင်း၊ အမြတ်ထုတ် ခေါင်းပုံဖြတ်ခြင်း၊ ခြယ်လှယ်ခြင်း၊ အခွင့်အာဏာသုံးခြင်းနှင့် ဖိနှိပ်ခြင်းများ ပြုလာသူ ဟူသမျှ ကင်းဝေးရန် ပြည်သူနှင့်အတူ အကြမ်းမဖက်သော နည်းလမ်းဖြင့် အောင်မြင်စွာ ဆင်နွှဲနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်မည်။

၈။ လူသားမဆန်သော လူမှုပစ်ပယ်မှုကို ရှောင်ကြဉ်မည်။

၉။ အရာခပ်သိမ်းကို လေးစားမှု၊ တရားမျှတမှုဖြင့် ဆက်ဆံမည်။

၁၀။ မိမိ၏အတွင်းစိတ် ရောင့်ရဲမှုကို ကြံ့ခိုင်အောင်တည်ဆောက်ပြီး ဆင်ခြင်ခြင်း၊ သုံးသပ်ခြင်း၊ စူးစမ်းခြင်း၊ အသိပညာသတ္တိသုံးမျိုးဖြင့် လူမှုဆင်းရဲခြင်း ကင်းအောင် တည်ဆောက်မည်။

၁၁။ ဖိနှိပ်ချုပ်ချယ်မှုကို အပင်ပန်းခံ၊ အနစ်နာခံခြင်းဖြင့် အောင်မြင်မှုရောက်အောင် တည်ဆောက်မည်။

၁၂။ ကရင်အမျိုးသားများ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့၊ အစဉ်အလာများကို မပျောက်မပျက် ထိန်းသိမ်းစောင့်ရှောက်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုင်းရင်းသားများနှင့်အတူ တည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းသာယာဝပြောရေး၊ စည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှရေးနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းဟူသော သဘောထားကို အကောင်အထည် ဖော်မည်။

၁၃။ အမျိုးသား၏ အကျိုးစီးပွားကိုလည်းကောင်း၊ လူမျိုးကိုလည်းကောင်း ဖျက်ဆီးမည့်၊တိုက်ဖျက်ဝါးမျိုမည့်မူဝါဒ၊ အန္တရာယ်ပေးမည့် အယူအဆနှင့် အယူဝါဒတို့ကို ဥပဒေနှင့်အညီ ခုခံကာကွယ်ဆောင်ရွက်မည်။

၁၄။ တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာ စသည်တို့ကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်မည်။

၁၅။ ကိုယ်ကျိုးမပါသော အများအကျိုးသက်သက်ဖြင့် အမုန်းမစွက်၊ အကြမ်းမဖက်သော ဘက်လိုက်မှုကင်းသောမူဝါဒကို လက်ကိုင်ထားလျက် စစ်မှန်သော ပြည်ထောင်စုကြီးကို အတူတကွ ပူးပေါင်းတည်ထောင်မည်။

ယခုအခါ အကျွန်ုပ်တို့၏ တိုင်းပြည်၌ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ဆောင်ရွက်နေချိန် ဖြစ်သည်။ တစ်ဦးကိုတစ်ဦး ဖေးမကူညီကြခြင်း၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေး ထိန်းသိမ်းပြုပြင်ပေးကြခြင်း၊ အေးငြိမ်းချမ်းသာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြခြင်း ဟူသော သင့်လျော်သော အချိန်အခါဖြစ်သည်ကြောင့် ပြိုင်ဆိုင်မှုကင်းပြီး အကြမ်းဖက်မှု၊ ဆင်းရဲချမ်းသာကွာဟမှု၊ စိတ်နှလုံး ချောက်ချားဖွယ်ရာအဖြစ်ဆိုးများ ရှောင်ရှားသင့်သော အချိန်အခါဖြစ်သည်။ လူသားတို့၏ နှလုံးသား၌ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော မီးကို မေတ္တာဓာတ်ဖြင့် သည်းခံခွင့်လွှတ်ကြခြင်းမှုကို လက်တွဲဖော်ဆောင်သင့်သော အချိန်အခါလည်းရောက်ပြီ။

တိုင်းပြည်တစ်ပြည်၌ စည်းရုံးရေးသည် အမြင်ချင်းတူညီမှု၊ အကျင့်ခြင်း တူညီမှုအပေါ် အခြေခံရမည်။ ထိုသဘောတရားနှစ်ပါးက တည်တံ့လျှင် စည်းလုံးခြင်းသည် ကျစ်လျစ်၍ သိပ်သည်း၏။ ခိုင်မာ၍ တစ်သားတည်း ဖြစ်၏။ ဤသို့သောသဘောမျိုး စည်းလုံးနိုင်မှသာ ကမ္ဘာ့မြေပြင်တစ်လွှား ချမ်းမြေ့သာယာဆုံးဖြစ်လာမည်။ ယနေ့ မြန်မာပြည်သည် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမြင့်မားဆုံးရောက်အောင် ကိုယ်စီကိုယ်င မိမိတို့၏ ရိုးရာ၊ ဓလေ့၊ ထုံးတမ်း၊ စဉ်လာယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည်။ ကိုယ်ကျင့်သိက္ခာမြင့်မားလျှင် ဒုစရိုက်မှုများ နည်းပါးမည်။ ဒုစရိုက်မှုများ နည်းပါးလျှင် အချမ်းမြေ့ဆုံး တိုင်းပြည်ကြီးဖြစ်မည်။ ချမ်းမြေ့လှပသော တိုင်းပြည်ကြီးဖြစ်လျှင် စည်ပင်ဝပြောလာမည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်ကြီးတစ်ပြည် ဖြစ်လာမည်။

ယနေ့ ကမ္ဘာမြေပြင်တစ်လွှား၌ ကြီးစိုးမင်းမူနေသော

(၁) လူအင်အား

(၂) ငွေကြေးအင်အား

(၃) ပစ္စည်းအင်အား

(၄) လက်နက်အင်အား

(၅) အာဏာတန်ခိုး အင်အား တို့သည် ငြိမ်းချမ်းသာယာဝပြောရေးသို့ ဦးတည်ချက်မထားဘဲ ဘက်လိုက်ခြင်း၊ အစွဲအလမ်းထားခြင်း၊ မုန်းတီးခြင်းနှင့် အကြမ်းဖက်ခြင်းများ (ပဋိပက္ခများ) အမျိုးမျိုးဖြစ်ပေါ်စေသည်။ ဤသို့သာ ဆက်၍ဆက်၍ဖြစ်ပေါ်နေဦးမည်ဆိုလျှင် လူသားတို့၌ အကြောက်တရားများမှ လွတ်မြောက်ကင်းစင်သွားကြမည်မဟုတ်။

မိမိနိုင်ငံ၊မိမိအမျိုးသားရေးအတွက်

(၁) အမြင်နှင့်အကျင့် တူညီမှုရှိရေး

(၂) စုံ "အား" ကောင်းရေး

(၃) တိုင်းပြည်၏ ဖွဲ့စည်းပုံ "မူ" တည်တံ့ရေး

(၄) တိုင်းပြည်၏ အဓိကဦးဆောင်နိုင်သော "လူ"များ ဖြစ်ထွန်းလာရေး

(၅) "အာယာတမဲ့ဇုန်" လူနေကမ္ဘာအဖြစ် တည်ဆောက်နိုင်ရေးအတွက် အကျွန်ုပ်တို့ပါတီ၏ "လုပ်ငန်းစဉ်"ကို ပါတီဖွဲ့စည်းတည်ဆောက်ပုံ အခန်း(၃) စာမျက်နှာ(၅)တွင် အကျဉ်းမျှ ဤသို့ ရေးဆွဲဖော်ပြထားပါသည်။

ဖလုံ-စဝေါ် "ဒီမိုကရက်တစ်ပါတီ"သည်

၁။ ကရင်လူမျိုးတို့၏ အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပေါ်ပေါက်လာမည့် "ကရင်ပြည်နယ် အစိုးရအဖွဲ့"မှ ဖော်ဆောင်သွားမည်။

၂။ "ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ"သည် ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများသာမက အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားအားလုံးတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ဖော်ဆောင်မည်။

၃။ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၌ ကရင်တစ်မျိုးသားလုံး၏အရေးကို ပါဝင်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဝင်ရောက်ယှဉ်ပြိုင်မည်။

၄။ "ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ"သည် ကရင်ပြည်နယ်ကို အခြေခံပြီး ဖွဲ့စည်းတည်ထောင်မည့်အပြင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စသည်တို့အထိ တိုးချဲ့ဖွဲ့စည်းပြီး ကရင်အမျိုးသားတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်မည်။

၅။ ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများနှင့် အနယ်နယ် အရပ်ရပ်ရှိ ကရင်အမျိုးသားများအားလုံး အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ကရင်အမျိုးသားတို့၏ အကျိုးစီးပွားအတွက် ပူးပေါင်းပါဝင်လာစေရန် နည်းလမ်းရှာဖွေပြီး ဆောင်ရွက်မည်။

၆။ ပြည်သူတို့၏ စီးပွားရေးနှင့် လူမှုရေးကို မိမိတို့ဆန္ဒသဘောထားအတိုင်း ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် ကူညီစောင့်ရှောက်မည်။

၇။ အမုန်းမစွက်၊ အကြမ်းမဖက်သော မူဝါဒကို လက်ခံထားပြီး စည်းလုံးညီညွတ်ခြင်းကို တည်ဆောက်မည်။

အကျွန်ုပ်တို့ပါတီ "လုပ်ငန်းစဉ်" များအနေဖြင့် အဓိကရည်ရွယ်ချက်နှင့် မူဝါဒကျင့်စဉ်များမှာ -

(က) တိုင်းရင်းသားလူမျိုးစုများအရေး

(ခ) အသင်းအဖွဲ့အရေး

(ဂ) လူငယ်အရေး

(ဃ) အမျိုးသမီးအရေး

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) အသိပညာရှင်၊ အတတ်ပညာရှင်နှင့် စီးပွားရေးလုပ်ငန်းရှင်များအရေး

(ဇ) နိုင်ငံရေးပါတီများအပေါ် သဘောထားရေး အကြောင်းအရာများလည်း ညီညွတ်စုံလင်စွာ စည်းစနစ်ကျကျ ချမှတ်ထားရှိခဲ့ပါသည်။

အကျွန်ုပ်တို့သည် အချင်းချင်းအတူတကွနေထိုင်ခြင်း၊ ဆက်သွယ်မှုထူထောင်ခြင်း၊ စုပေါင်းပူးပေါင်းဆောင်ရွက်ခြင်း၊ မုန်းတီးမှု၊ ရန်လိုမှုများ ရှောင်ရှားကြခြင်းနှင့် ဇာတ်စနစ်ခွဲခြားရေး၊ အကျိုးစီးပွားပျက်စီးရေး၊ မကောင်းကျိုးဖြစ်ပေါ်ရေး လူမှုဘဝလောက၌မရှိရန် ကိုယ်စီအသိတရားဖြင့် ရှောင်ရှားကြရမည်။ တည်ငြိမ်နေသော လူမှုကမ္ဘာသည် စိတ်ပိုင်းဆိုင်ရာ မကွဲပြားကြဘဲ ကောင်းကျိုးတရားကို အတူတကွ ပူးပေါင်းလုပ်ဆောင်ကြရန်၊ထူးထွေဆန်းလည်သော နည်းပညာရပ်များကို ကမ္ဘာ့ရွာကြီးတစ်ရွာကဲ့သို့ ငြိမ်းချမ်းစွာ အတူတကွနေထိုင်ကြရန်၊ တရားမျှတခြင်းကို ဦးတည်ရန်၊ ပဋိပက္ခကို ရှောင်ကြဉ်ရန်၊ မုန်းတီးမှုကို တွန်းထုတ်ရန်၊ ညီတူညီမျှသော အကျိုးတရားကို ရှေးရှုရန်၊ ရန်လိုမှု၊ လွဲမှားမှုတရားတို့ကို ရှောင်ရှားနိုင်ကြရန်နှင့် ညီညွတ်သင့်တင့်မျှတသော သို့မဟုတ် စည်းကမ်းပြည့်ဝသော လူမှုဘဝ အသိုင်းဝိုင်းကောင်းတစ်ခု တည်ထောင်နိုင်ကြရန်အတွက်

(၁) လူသားတို့၏ အခွင့်အရေး

(၂) အကြမ်းမဖက်ရေး၊ မှန်ကန်ရေး၊ မျှတရေး

(၃) မိတ်ဝတ်မပျက် ပူးပေါင်းဆောင်ရွက်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး စသော လူမှုဘဝ ထိန်းသိမ်းစောင့်ရှောက်ပေးရန် အကျွန်ုပ်တို့၏ " ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ " က တာဝန်ယူဆောင်ရွက်ပေးပါမည်။ ကတိလည်းပြုပါသည် ဟု တိုက်တွန်းပြောကြားရင်း ရဟန်းရှင်၊ လူ မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်ကျန်းမာ၊ ချမ်းသာကြပါစေ။



# ပိတ်မိချီလီမိုင်းလုပ်သားများ နှစ်ရက်အတွင်း ကယ်တင်နိုင်ဖွယ်ရှိ

**ကိုပီယာပို အောက်တိုဘာ ၇**

လွန်ခဲ့သည့်နှစ်လက ချီလီနိုင်ငံ ကြေးနီနှင့် ရွှေတူးဖော်ရေး မိုင်းတွင်းပြိုကျခဲ့ခြင်းကြောင့် မြေအောက်တွင် ပိတ်မိနေသော မိုင်းလုပ်သား ၃၃ ဦးအား ကယ်တင်ရန် တူးဖော်နေသော ကယ်ဆယ်ရေးတွင်းသည် အောက်တိုဘာ ၉ ရက်တွင် မိုင်းတွင်းလုပ်သားများ ပိတ်မိနေသည့် နေရာသို့ ရောက်ရှိမည်ဖြစ်ကြောင်း ချီလီဝန်ကြီးတစ်ဦးက ယနေ့ ပြောကြားသည်။

**အဆုံးသတ်နိုင်မည်**

သို့ရာတွင် ပိတ်မိမိုင်းလုပ်သားများကို ကယ်ဆယ်မည့်နေ့ရက်အား အတိအကျထုတ်ပြောကြားခဲ့ခြင်းမရှိပေ။ ကယ်ဆယ်ရေးတွင်း တူးဖော်မှုကို လာမည့်စနေနေ့တွင် အဆုံးသတ်နိုင်မည်ဆိုပါက အခြေအနေပေးခဲ့လျှင် လာမည့်နှစ်ရက်အတွင်း ကယ်ဆယ်ရေးလုပ်ငန်းစတင်နိုင်ဖွယ်ရှိပြီး၊ အခြေအနေမပေးသေးပါက ရှစ်ရက်မှ ၁၀ ရက်အတွင်း မိုင်းလုပ်သားများကို ကယ်ဆယ်နိုင်မည်ဖြစ်ကြောင်း ချီလီမိုင်းလုပ်ငန်းဝန်ကြီးက ပြောကြားသည်။

**မီတာ ၁၀၀ မျှသာလို**

စီမံချက်-ဘီဟု အမည်ပေးထားသော ကယ်ဆယ်ရေးအစီအစဉ်အရ တီ-၁၃၀ လွန်တူးစက်ကြီးဖြင့် တူးဖော်နေသော ကယ်ဆယ်ရေးတွင်းသည် မိုင်းလုပ်သားများ ပိတ်မိနေသော နေရာသို့ ရောက်ရှိရန် မီတာ ၁၀၀ မျှသာ ဆက်လက်တူးဖော်ရန် လိုအပ်တော့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းတွင်းမှတစ်ဆင့် မိုင်းလုပ်သားများကို အထူးစီမံထားသော ပြွန်တစ်ခုဖြင့် တစ်ယောက်ချင်းလိုက်ပါစေကာ မြေပေါ်သို့ ကယ်ထုတ်ရမည်ဖြစ်ပြီး ထိုကဲ့သို့ ကယ်တင်ရာတွင် လူတစ်ယောက်ချင်းအတွက် အချိန်တစ်နာရီကျော်မျှ အချိန်ပေးရမည်ဖြစ်သည်။ **အေအက်ဖ်ပီ။**

# ရေနံယိုဖိတ်မှု သတင်းအချက်အလက်များ ထုတ်ပြန်ရေး အမေရိကန်အစိုးရက ပိတ်ပင်ခဲ့ဟုဆို

**ဝါရှင်တန် အောက်တိုဘာ ၇ -** မက္ကဆီကို ပင်လယ်ကွေ့တွင် ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့စဉ်က ယင်းရေနံယိုဖိတ်မှု၏ ဆိုးကျိုးသက်ရောက်မှုများ မည်သို့ဖြစ်ပေါ်လာနိုင်ပုံကို ပြည်သူတို့သိရှိနိုင်ရန် အစိုးရသိပ္ပံပညာရှင်များက အသိပေးလိုသော်လည်း အိုဘားမား အစိုးရအဖွဲ့က ပိတ်ပင်မှုများ ပြုလုပ်ခဲ့ကြောင်း စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်က အောက်တိုဘာ ၇ ရက်တွင် ပြောကြားသည်။

ဗြိတိသျှ ရေနံကုမ္ပဏီဖြစ်သော ဘီပီကုမ္ပဏီက မက္ကဆီကိုပင်လယ်ကွေ့၌ လုပ်ကိုင်နေသော ကမ်းလွန်ရေနံတူးစင်ပေါ်တွင် ဧပြီ ၂၀ ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်ကျွမ်းခဲ့ရာ အလုပ်သမား ၁၁ ဦးသေဆုံးခဲ့ရသည်။ အဆိုပါကမ်းလွန်ရေနံတူးစင် နစ်မြုပ်သွားခဲ့မှုကြောင့် ရေနံယိုဖိတ်မှု အကြီးအကျယ် ဖြစ်ပေါ်ခဲ့သည်။

မက္ကဆီကိုပင်လယ်ကွေ့၌ ကပ်ဘေးဆိုက်ရောက်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို အစိုးရအဖွဲ့က ခန့်အပ်ပေးခဲ့ပြီး စုံစမ်းစစ်ဆေးစေခဲ့သည်။

ပင်လယ်ရေအောက်ရေနံတွင်းမှ ရေနံယိုဖိတ်မှုကို ဘီပီကုမ္ပဏီက ထိန်းချုပ်နိုင်စွမ်းရှိမည်ဟု အမေရိကန်အစိုးရအဖွဲ့က အလွန်အမင်း မျှော်လင့်ခဲ့ကြောင်း ကော်မရှင်၏ အစီရင်ခံစာ၌ ဖော်ပြသည်။

မက္ကဆီကိုပင်လယ်ကွေ့ ရေနံယိုဖိတ်မှုပြဿနာသည် အမေရိကန်နိုင်ငံ သမိုင်းတွင် အဆိုးရွားဆုံး ရေနံယိုဖိတ်မှုဖြစ်ခဲ့သည်။

ကမ်းလွန်ရေနံတူးစင်၏ တူးဖော်လက်စ ရေနံတွင်းမှ ရေနံယိုဖိတ်မှုကို ရပ်တန့်သွားစေရန် ဇူလိုင် ၁၅ ရက်တွင် အပြီးသတ်လုပ်ဆောင်နိုင်ခဲ့သည်။

ရေနံယိုဖိတ်မှုအခြေအနေကို အမေရိကန်ပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့လေထုလွှာ လေ့လာရေးအဖွဲ့မှ သိပ္ပံပညာရှင်များက လေ့လာခဲ့ပြီး လေ့လာတွေ့ရှိချက်များကို ဧပြီနှောင်းပိုင်း သို့မဟုတ် မေလ အစောပိုင်းတွင် ထုတ်ပြန်ကြေညာရန် သိပ္ပံပညာရှင်များက ဆန္ဒရှိခဲ့ကြသော်လည်း အိုဘားမားအစိုးရအဖွဲ့က ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့က ပြောကြားသည်။ **ဝါရှင်တန်ပို့စ်။**







# အဆိပ်သင့်ဓာတုပစ္စည်းများ ဒန်းညူမြစ်အတွင်းရောက်ရှိ

**ကိုလွန်တာ အောက်တိုဘာ ၇**

ဟန်ဂေရီနိုင်ငံရှိ အလူမီနီယမ်စက်ရုံတစ်ရုံ၏ စွန့်ပစ်ပစ္စည်းသိုလှောင်ကန်ပျက်စီးမှုကြောင့် ထွက်ပေါ်လာသော အဆိပ်သင့်ဓာတုအနည်အနှစ်များသည် ပတ်ဝန်းကျင်ကျေးရွာသုံးရွာကို ဖုံးလွှမ်းခဲ့ပြီးနောက် ဒန်းညူမြစ်အတွင်းသို့ ကြာသပတေးနေ့တွင် စတင်ဝင်ရောက်စပြုပြီဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

အလူမီနီယမ်ထုတ်လုပ်မှု၏ ဘေးထွက်စွန့်ပစ်ပစ္စည်းဖြစ်သော အဆိုပါဓာတုအနည်အနှစ်များ ဥရောပတိုက်၏ ဒုတိယအရှည်ဆုံးမြစ်ဖြစ်သော ဒန်းညူမြစ်အတွင်းသို့ ဝင်ရောက်မှုကြောင့် ယင်းမြစ်ကြီးကို အဆိပ်သင့် ညစ်ညမ်းစေမည်ဖြစ်သည်။

အဆိုပါ ပတ်ဝန်းကျင်ဆိုင်ရာဘေးဥပဒ်သည် ဒန်းညူမြစ်ဖြတ်သန်းစီးဆင်းသော ဥရောပနိုင်ငံခြောက်နိုင်ငံကိုပါ ရိုက်ခတ်လာမည့် အလားအလာကို ဥရောပသမဂ္ဂနှင့် သက်ဆိုင်ရာနိုင်ငံအသီးသီးမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိသူများက စိုးရိမ်နေကြသည်။

ဒန်းညူမြစ် မြစ်ညာပိုင်းတွင်ရှိသော ခရိုအေးရှား၊ ဆာဘီးယားနှင့် ရိုမေးနီးယားနိုင်ငံများမှ တာဝန်ရှိသူများသည် ဒန်းညူမြစ်ရေကို အချိန်နှင့်အမျှစမ်းသပ်မှုများ လုပ်ဆောင်လျက်ရှိသည်။ သို့ရာတွင် ယင်းမြစ်၏ကြီးမားသောရေ ပမာဏအရ အဆိပ်သင့်ဓာတုပစ္စည်းများ ပျော်ဝင်မှုကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်သည် လျော့ပါးဖွယ်ရှိမည်ဟု မျှော်လင့်ထားကြသည်။ **အေပီ။**

# အာဖဂန်နယ်စပ်ရှိ နေတိုးထောက်ပံ့ရေးလမ်းကြောင်းကို ပါကစ္စတန် ပြန်မဖွင့်သေး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၇ -** နေတိုးရဟတ်ယာဉ်တစ်စင်း၏ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးရခြင်းအတွက် အမေရိကန်နိုင်ငံက တောင်းပန်သော်ငြားလည်း အာဖဂန်နစ္စတန်နိုင်ငံသို့ ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်ရန် နေတိုးက အသုံးပြုနေသည့် အဓိကနယ်စပ်လမ်းကြောင်းအား မည်သည့်အချိန်၌ ပြန်လည်ဖွင့်ပေးမည်ကို မဆုံးဖြတ်ရသေးကြောင်း ပါကစ္စတန်နိုင်ငံက ကြာသပတေးနေ့တွင် ပြောကြားသည်။

အမေရိကန်အစိုးရနှင့် နေတိုးက စက်တင်ဘာ ၃၀ ရက် တိုက်ခိုက်မှုအတွက် ၎င်းတို့အနေဖြင့် ဝမ်းနည်းပါကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။ အာဖဂန်နယ်စပ်ကို ဖြတ်ကျော်၍ သောင်းကျန်းသူများကို လိုက်လံတိုက်ခိုက်စဉ် ပါကစ္စတန်တပ်ဖွဲ့ဝင်များအား အမေရိကန် ရဟတ်ယာဉ်က မှားယွင်းပစ်ခတ်မိခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုသို့ တောင်းပန်ခြင်းကြောင့် နာမည်ကျော် ခိုင်ဘာတောင်ကြားရှိ ကော်ကန်နယ်စပ်လမ်းကြောင်းကို မကြာမီ ဖွင့်ပေးမည်ဟု မျှော်လင့်ထားခဲ့ကြသည်။ သို့သော် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူဘာဆစ်က အာဏာပိုင်များက အခြေအနေကို သုံးသပ်နေဆဲဖြစ်ကြောင်း၊ သင့်လျော်သောအချိန်တွင် ဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

နေတိုးထောက်ပံ့ရေး လမ်းကြောင်းကို ပိတ်ပင်ခဲ့သောကြောင့် ထရပ်ကား ရာပေါင်းများစွာမှာ သောင်တင်လျက်ရှိပြီး ဖွင့်ထားဆဲ အာဖဂန်နယ်စပ်လမ်းကြောင်းတွင်လည်း ကားများပြည့်ကျပ်လျက်ရှိသည်။

**အင်တာနက်။**

# အာရှတစ်ဝန်း ရေလွှမ်းမိုးမှုများကြောင့် လူ ၁၄၀ ခန့်သေဆုံး

**ဟနွိုင်း အောက်တိုဘာ ၇**

အာရှတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေသည် ကြာသပတေးနေ့၌ ၁၄၀ နီးပါးသို့ ရောက်ရှိလာသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လူ ၉၁ ဦး သေဆုံးခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့များသည် လမ်းများကို ပိတ်ဆို့နေသည့် သစ်ပင်များအားဖယ်ရှားခြင်း၊ ပျက်စီးနေသော တံတားများအား ပြုပြင်ခြင်းတို့ဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံတွင် သေဆုံးသူ ၄၈ ဦးရှိပြီး၂၃ ဦး ပျောက်ဆုံးလျက်ရှိသည်။ ရေကျသွားသော ဒေသများသို့ ရွာသူ၊ ရွာသားများသည် စတင်ပြန်ကြပြီဖြစ်သည်။ ရေကြီးသဖြင့် အဆက်အသွယ်ပြတ်တောက်နေသည့် ဒေသများသို့ တာဝန်ရှိသူများက ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့နိုင်ပြီဖြစ်သည်။

သံလမ်းများ ပျက်စီးသဖြင့် ဗီယက်နမ်နိုင်ငံ၏ တောင်နှင့် မြောက် ရထားခရီးစဉ်များမှာ ရပ်ဆိုင်းထားရသည်။ ရာသီဥတု ဆိုးရွားနေသဖြင့် ရေနစ်မြုပ်နေဆဲဖြစ်သည့် ဒေသများသို့ အစားအသောက်နှင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ပေးနေသော ရဟတ်ယာဉ်များကိုလည်း ရပ်နားထားရသည်။

တရုတ်နိုင်ငံတောင်ပိုင်းတွင် ရာစုဝက်နီးပါးအတွင်း အဆိုးရွားဆုံးရေလွှမ်းသဖြင့် တစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း၊ လူဦးရေ ၂၁၃၀၀၀ သည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာ၍ ထွက်ပြေးကြရကြောင်း နိုင်ငံပိုင်သတင်းဌာနက ဖော်ပြသည်။

ဟိုင်နန်ကျွန်းပြည်နယ်တွင် မိုးသည်းထန်သဖြင့် ရွာပေါင်း ၅၅၀ မှ ရွာသားများမှာ ထွက်ပြေးကြရကြောင်း၊ ထောင်ပေါင်းများစွာမှာ အိုးမဲ့အိမ်မဲ့ဖြစ်ကြရကြောင်း၊ လမ်းများလည်း ပျက်စီးကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။



**အင်ဒိုနီးရှားနိုင်ငံ အနောက် ပါပူဝါပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်း၍ ရေလွှမ်းမိုးမှုဖြစ်ပွားပြီးနောက် မြင်ကွင်း။**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပါပူဝါ ပြည်နယ်တွင် ရွှံ့နွံများနှင့် အဆောက်အအုံ အပျက်အစီးများအတွင်းမှ သေဆုံးသူ ၉၁ ဦး၏ အလောင်းများကို ဖော်ယူရရှိခဲ့ကြောင်း၊ ၁၀၀ကျော် ပျောက်ဆုံးနေဆဲဖြစ်၍ သေဆုံးသူ အရေအတွက် ပိုမိုလာဖွယ်ရှိကြောင်း ပြည်နယ်ကယ်ဆယ်ရေးရုံးမှ ဒေါ်သီး(စ်) ဆာဝါကီက ပြောကြားသည်။ **အေပီ။**

# ဘင်္ဂလားပင်လယ်အော် မုန်တိုင်းကြောင့် ဘင်္ဂလားဒေ့ရှ်ရေလုပ်သားများ ပျောက်ဆုံး

**ဒါကာ အောက်တိုဘာ ၇**

ဘင်္ဂလားပင်လယ်အော်အတွင်း တိုက်ခတ်သောမုန်တိုင်းကြောင့် ငါးဖမ်းလှေ ၁၅စင်းတိမ်းမှောက်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်ရေလုပ်သားအနည်းဆုံး ၂၀၀ခန့် ပျောက်ဆုံးနေကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

မုန်တိုင်း၏ပြင်းထန်သောလေတိုက်နှုန်းကြောင့် ဖြစ်ပေါ်လာသော လှိုင်းလုံးကြီးများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကမ်းရိုးတန်းဒေသများကို ဝင်ရောက်ရိုက်ခတ်ခဲ့ပြီး ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ လူ ၁၅၀၀၀၀တို့သည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်။

လွန်ခဲ့သော နှစ်ရက်မှစ၍ ပြင်းထန်စွာတိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် ငါးပေအမြင့်ရှိ ရေလှိုင်းများဖြစ်ပေါ်ခဲ့ကာ ကမ်းရိုးတန်း မြေနိမ့်ဒေသများရှိ မြို့နှင့်ကျေးရွာအများအပြားကို ဝင်ရောက် ရိုက်ခတ်ခဲ့သည်။ မုန်တိုင်းကြောင့် မည်ရွေ့မည်မျှ သေဆုံးသည်ကို တိတိကျကျမသိရသေးပေ။

ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နေသော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းတစ်ခုကြောင့် ရုတ်ခြည်းဖြစ်ပေါ်ခဲ့ရသည့် အဆိုပါမုန်တိုင်းသည် အင်အားပိုမိုကောင်းလာဖွယ်ရှိပြီး မြောက်-အနောက်မြောက်အရပ်သို့ ဦးတည်ရွေ့လျားနေကြောင်း သတင်းတွင်ဖော်ပြသည်။ **အမ်အင်အေ၊ ရိုက်တာ။**

# ဝန်ကြီး ဦးလွန်းသီ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်နှင့် စက်သုံးဆီအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၇

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ (အလုံ) LPG ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား LPG ရေနံဓာတ်ငွေ့ရည်ရောင်းချပေးရာ၌ သတ်မှတ်ထားသော အရည်အသွေးနှင့် အလေးချိန်အတိုင်း အပြည့်အဝစနစ်တကျထုတ်ပေးရေး၊ မီးဘေးအန္တရာယ် ဂရုပြုရေးပြည်သူလူထုနှင့် ပြေပြစ်စွာဆက်ဆံရေးတို့ကို မှာကြားကာ ရေနံဓာတ်ငွေ့ရည်ထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် ရေနံ ဓာတ်ငွေ့ရည် လာရောက်ထုတ်ယူကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။**

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ရန်ကုန်မြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၂၇၅)သို့ ရောက်ရှိပြီး ဆိုင်အတွင်း မော်တော်ယာဉ်များအား စက်သုံးဆီဖြည့်တင်းပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ စက်သုံးဆီ အချင်အတွယ် ပြည့်ဝမှန်ကန်စေရေး၊ စက်သုံးဆီ သိုလှောင်ထားရှိမှု အခြေအနေနှင့် စာရင်းဇယားများ မှန်ကန်မှု ရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အထူးဂရုပြုကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ရန်ကုန်မြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၂၇၅)၌ မော်တော်ယာဉ်များအား စက်သုံးဆီ ဖြည့်တင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (စွမ်းအင်)



**ရန်ကုန်မြစ်အတွင်းမှ မြင်တွေ့ရသည့် ဒလသင်္ဘောကျင်းမြင်ကွင်း။**

✲ ရွှေဖုံးမှ

တည်ဆောက်နိုင်ခဲ့သည်။ ထို့အပြင် ယခင်က ၁၀ တန် ကရိန်းဂျက်တီ တံတားကို ယခင်သစ်ခင်းမှ သံကူအားဖြည့် ကွန်ကရစ်ဂျက်တီအဖြစ် ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ပြန်လည်တည်ဆောက် အသုံးပြုနိုင်ခဲ့သည်။ သင်္ဘောကျင်း ၁၄ ကျင်း ထိပ်ရှိ ကျင်းတင်/ချ ပြုလုပ်ရာတွင် အသုံးပြုရသည့် သစ်သားတံတားအား ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ကွန်ကရစ်တံတားအဖြစ် လည်းကောင်း၊ သင်္ဘောကျင်းအနောက်ဘက် ဒေါ်သာချောင်းဘေးတွင် တန် ၂၀၀ စက်မဲ့လွန်းကျင်းဟောင်းကို ပြန်လည်မွမ်းမံ၍ တန် ၅၀၀ ရေလုံကျင်းသစ်ကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှ စတင်၍ တည်ဆောက်ခဲ့ရာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းလုပ်ငန်းများ ပြီးစီးခဲ့သည်။ အရေးပေါ်ဆိုက်ကပ်တိုင်(Dolphin)စီမံကိန်းနှင့် တန် ၃၀၀ လွန်းကျင်းသစ်စီမံကိန်းတို့ကို သင်္ဘောကျင်း အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက် ပြီးစီးခဲ့ကြောင်း သိရသည်။

**အလုံသင်္ဘောကျင်း**

အလုံသင်္ဘောကျင်းကို ၁၉၀၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ အချက်အခြာကျသော သင်္ဘောကျင်းတစ်ခုဖြစ်သည်။ ဧရိယာဧက ၂၈ ဒသမ ၆၂ ဧက ကျယ်ဝန်းပြီး ရေကြည်ဆိပ်ခံတံတား တည်ဆောက်ရေးစီမံကိန်း၊ တန် ၂၅၀ လွန်းကျင်းသစ် တည်ဆောက်ရေး စီမံကိန်းများကို ၂၀၀၄-၀၅ ဘဏ္ဍာရေးနှစ်မှစ၍ သင်္ဘောကျင်း အဆင့်မြှင့်တင်တည်ဆောက်ခဲ့ရာ ၂၀၀၇-၀၈ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းအားလုံး တည်ဆောက်ပြီးစီးခဲ့သည်။

**မန္တလေးရတနာပုံသင်္ဘောကျင်း**

ယခင်က မုံရွာ-ချင်းတွင်း လမ်းကြောင်းတွင် ပြေးဆွဲနေသည့် သင်္ဘောများ၊ ဧရာဝတီမြစ်ထဲတွင် ပြေးဆွဲနေသည့် သင်္ဘောများ ပြုပြင်မွမ်းမံမှုပြုလုပ်လိုပါက မိုင် ၄၀၀ ကျော်ဝေးသည့် ရန်ကုန်သို့ လာရောက်ပြုပြင်မှုများ ပြုလုပ်ရသည်။ ထိုသို့လာရောက်ရသည့်အတွက် စက်သုံးဆီ၊ အချိန်နှင့် ငွေကြေး ပိုမိုကုန်ကျမှုများရှိရာ မန္တလေးရတနာပုံသင်္ဘောကျင်းကို အဆင့်မြှင့်တင် တည်ဆောက်လိုက်သည့်အတွက် ထိုကုန်ကျမှုများ သက်သာသွားရသည်။ ပြုပြင်စရာရှိသည်များကိုလည်း အချိန်မီပြုပြင်နိုင်သည့်အတွက် သွားလာမှုကိုလည်း များစွာအထောက်အကူဖြစ်စေသည်။

ယင်းသင်္ဘောကျင်းတွင် ကျင်းတင်လွန်းလမ်းမရှိခဲ့သဖြင့် ၁၉၉၇-၉၈ မှ ၂၀၀၃-၀၄ ခုနှစ်အတွင်း အလျားပေ ၆၀၀၊ အနံပေ ၁၈၀ ရှိ ဘေးဆွဲလွန်းကျင်း တန် ၂၀၀ ကို တည်ဆောက်ခဲ့ရာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးခဲ့သည်။ တန် ၃၀၀ လွန်းကျင်းသစ်အား ၁၉၉၇-၉၈မှ ၂၀၀၃-၀၄ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခဲ့ရာ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး တစ်ကြိမ်လျှင် ရေယာဉ်ငါးစင်းကို ကျင်းတင်ပြင်ဆင်နိုင်ကြောင်း သိရသည်။

**မော်လမြိုင်/သံလွင်သင်္ဘောကျင်း**

မော်လမြိုင်ကမ်းနားလမ်း အဆင့်မြင့်တည်ဆောက်ရေးစီမံချက်ဖြင့် လက်ရှိ မော်လမြိုင်သင်္ဘောကျင်းကို ၁၉၉၇-၉၈ ခုနှစ်မှစတင်၍ မုတ္တမဆီဆုံရပ်ကွက်ရှိ ၂၃ ဧက ကျယ်ဝန်းသောမြေကွက်ပေါ်တွင် အသစ်ပြန်လည်တည်ဆောက်ခဲ့ရာ ၂၀၀၁ ခုနှစ် ဧပြီလတွင် ကျင်းသစ်ဖွင့်လှစ်လျက် ရေယာဉ်ပြင်လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ တစ်ကြိမ်လျှင် ရေယာဉ်နှစ်စင်းကို ကျင်းတင်ပြုပြင်နိုင်ကြောင်း သိရသည်။

**စစ်တွေသင်္ဘောကျင်း**

၁၉၀၀ ပြည့်နှစ်တွင် အာရကန်ဖလိုတီလာကုမ္ပဏီက စတင်တည်ဆောက်ခဲ့ပြီး ဧရိယာဧက ၃ ဒသမ ၃၇ ဧကခန့် ကျယ်ဝန်းသည်။ ၁၉၅၃ ခုနှစ်တွင် အာရကန်ဖလိုတီလာကုမ္ပဏီလက်အောက်မှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလက်အောက်သို့ လွှဲပြောင်းခဲ့သည်။

**ချင်းတွင်းသင်္ဘောကျင်း**

ချင်းတွင်းသင်္ဘောကျင်းကို ချင်းတွင်းအခြေစိုက် စက်ရှိ စက်မဲ့ရေယာဉ် ၄၂ စင်းအား ကျင်းတင်ပြုပြင်ရန် ၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ ယခင်က ရေယာဉ်များ ကျင်းတင်ရန် မိုင် ၆၀၀ ကျော်ဝေးသည့် ရန်ကုန်သို့ မောင်းနှင်ပြင်ဆင်ရာတွင် ကုန်ကျသည့် စက်မောင်းဆီများချွေတာ လျှော့ချနိုင်စေခဲ့ကြောင်း၊ ယင်းသင်္ဘောကျင်းကို ၂၀၀၅ ခုနှစ် ဩဂုတ် ၇ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။



**ရတနာပုံ သင်္ဘောကျင်းတွင် သင်္ဘောတစ်စင်းကို ကျင်းတင်ထားစဉ်။**

**တည်ဆောက်ပြုပြင်**

သင်္ဘောအသစ်တစ်စင်း စတင်တည်ဆောက်သည့်အချိန်မှ အိုမင်းပြောင်းလဲလာပြီး နောက်ဆုံး ဆိပ်ခံအဆင့်ဖြစ်သည်အထိ သင်္ဘောကျင်းများက ပြုပြင်ပေးရကြောင်း၊ သင်္ဘောကျင်းများသည် အရေးပေါ်ပြင်ဆင်ခြင်း၊ နှစ်ပတ်လည်ပြင်ဆင်ခြင်း၊ အကြီးစားပြင်ဆင်ခြင်း၊ အသေးစားပြင်ဆင်ခြင်း၊ ရေယာဉ်သစ်တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ပေးရသည်။ ထို့အပြင် ပုဂ္ဂလိကက အပ်နှံလာသည့် သင်္ဘောများကိုလည်း တည်ဆောက်ပေးလျက်ရှိရာ ဌာနအတွက်၊ နိုင်ငံတော်အတွက် ဝင်ငွေရရှိစေရန် ရှာဖွေပေးသည့် လုပ်ငန်းတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

၁၉၈၈-၈၉ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဇွန် ၆ ရက်နေ့အထိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန သင်္ဘောကျင်းများမှ စုစုပေါင်း ရေယာဉ်သစ် ၈၅ စင်း တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခရီးသည် ၂၅ သန်း၊ ကုန်တန်ချိန် ၄ သန်းနီးပါးကို နှစ်စဉ်သယ်ပို့ပေးနေသည့် ပို့ဆောင်ရေးဌာနတစ်ခုဖြစ်ပြီး ယင်းခရီးသည်နှင့် ကုန်စည်များ အချိန်မှန်၊ စရိတ်သက်သာစွာ ကူးသန်းသွားလာနိုင်ရန်အတွက် သင်္ဘောများကို စဉ်ဆက်မပြတ်စစ်ဆေးပြုပြင်မှုများကို ပြုလုပ်လျက်ရှိသည်။ ထိုသို့ ပြုလုပ်နိုင်ရန်အတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်နေသည့် သင်္ဘောကျင်းများသည် ပို့ဆောင်ရေးကဏ္ဍတွင် များစွာ အထောက်အကူပြုပေးလျက်ရှိသည့်အပြင် သင်္ဘောသစ်များ တည်ဆောက်ပေးခြင်းဖြင့် နိုင်ငံအတွက်လည်း ဝင်ငွေရ၊ နိုင်ငံခြားငွေလည်း သက်သာသည့် လုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။**

## သွေးလှူဒါန်း

**ရန်ကုန်မြို့ အမျိုးသားသွေးဌာနသို့ GREAT FATHER LAND Construction & Decoration Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးကျော်မြင့်နှင့် ဒေါ်သူဇာတို့ ဦးဆောင်၍ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို အောက်တိုဘာ ၇ ရက်က ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ ကျင်းပရာ ကုမ္ပဏီဝန်ထမ်းများ စုပေါင်း သွေးလှူဒါန်းစဉ်။**

(ကြေးမုံ)



**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူ အလှူရှင်များကိုယ်စား ကျောင်းအုပ်ဆရာကြီး ဒေါက်တာဦးအောင်ကိုကိုနှင့် ဆရာမများက မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီး၏ (၁၁၄)နှစ်မြောက် ဆွမ်းဆန်တော်လှူဒါန်းမှုအဖြစ် အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ရန်ကုန်ဌာနခွဲ (အောက်မြန်မာပြည်) ဒုတိယတာဝန်ခံ ဦးအောင်ရဲဇော် လက်ခံယူစဉ်။**

(ကြေးမုံ)



**❍ အင်းလေးကန်ဒေသမှ**

ထိုမှတစ်ဆင့် ညောင်ရွှေမြို့ ဖောင်တော်ပြန်ဆိပ်သို့ ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦးက ဖောင်တော်ဦး စေတီနှင့် ညောင်ရွှေသွား ရေလမ်းကြောင်း တူးဖော်နေမှု၊ အင်းလေးကန်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းထားရှိမှု၊ စက်ယန္တရားများဖြင့် သဲနုန်းတူးခြင်း၊ ကျွန်းမျောများဖယ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်အောင်သန်းထွဋ်က လိုအပ်သည်များမှာကြား၍ စက်လှေဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဖောင်တော်ဦး မြတ်စွာဘုရား ရင်ပြင်တော်ရှိ ရှင်းလင်းဆောင်၌ ဌာနဆိုင်ရာ တာဝန်ရှိသူတို့က အင်းလေးကန်ဒေသနှင့် မိုင် ၂၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သစ်တော၊ ရေမြေ၊ သားငှက်တိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေးစီမံကိန်း၊ သဲနုန်းတူးခြင်း၊ ကျွန်းမျောရှင်းဖယ်ခြင်း၊ နုန်းဖမ်းဆည်နှင့် နုန်းထိန်းတမံ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်အောင်သန်းထွဋ်က တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် အင်းလေးကန်အတွင်း စက်ယန္တရားများဖြင့် သဲနုန်းတူးခြင်း၊ ကျွန်းမျောများဖယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်တွင်းရောင်းဝယ်ရေး သစ်စက်များစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၇

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ချင်စု အထပ်သားစက်ရုံသို့ ရောက်ရှိလာရာ စက်ရုံ၏ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ကြည်ကြည်ထွေးက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် စက်ရုံအတွင်း သစ်ပါးလွှာ ထုတ်လုပ်မှု အဆင့်ဆင့်၊ အထပ်သားထုတ်လုပ်မှုအဆင့်ဆင့်နှင့် သစ်ပါးလွှာနှင့် အထပ်သားများ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။**

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၉၀)သစ်စက်၊ အမှတ်(၃၃)သစ်စက် (ဘုရားလေး)၊ အမှတ်(၃၈)သစ်စက် (ဘုရားလေး)၊ ဖြူးမြို့နယ် အမှတ်(၁၀၄) သစ်စက် (ညောင်ပင်သာ)နှင့် အုတ်တွင်းမြို့ အမှတ်(၈၈)သစ်စက်တို့ကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ စက်ရုံမှူးများက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် ပဲခူးတိုင်းဒေသကြီး ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန လက်ထောက်အထွေထွေမန်နေဂျာ ဦးမင်းကြည်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး စက်ရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် ပဲခူးမြို့ ချင်စုအထပ်သားစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူး မြင်းမူမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၇

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာမောင်ထူးနှင့် မြင်းမူမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၁၁ နာရီတွင် မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြင်းမူမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့ပေါ်လေးရပ်ကွက်နှင့် အနီးကျေးရွာများမှ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြင်းမူမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါက်တာမောင်ထူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၈-၁၀-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ လေးမြတ်စွာပူဇော် မကွေးဆရာတော် (အပိုင်း-၃)
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅း၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -သနားစရာနွေးကွေး သတ္တဝါ (အပိုင်း-၁)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၄။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၁၄)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံရေးပါတီများ ဟောပြောချက်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ သံစဉ်များနှင့်ကမ္ဘာ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၁၃)**
- ၂၅။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။



**အောက်တိုဘာ ၇ ရက်က ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (၆၅) နှစ်မြောက် အလုပ်သမားပါတီထူထောင်သည့်နေ့ အထိမ်းအမှတ် အခမ်းအနားသို့တက်ရောက်လာသော ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာ ခင်ဆန်းနွယ်တို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်နှင့် ပြည်ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၇

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်သည် ပဲခူးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ လိုက်ပါလျက် အောက်တိုဘာ ၅ ရက် မွန်းတည့် ၁၂ နာရီတွင် ပြည်မြို့နယ် ဆံတော်ရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ဆန္ဒမဲလက်မှတ်ထုတ်ပေးခြင်း၊ ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း သရုပ်ပြပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်သည် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ပြည်ခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမိုးဆွေနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ပြည်ခရိုင်အတွင်းရှိ မြို့နယ်များမှ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်က အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ထားရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပဲခူးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သစ် တော သစ် ပင် ဒို့ ချစ် ခင် အ စဉ် စိုက် ပျိုး အ လု တိုး**



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း တောင်ငူမြို့၌ လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ◆ သံတောင်ကြီးမှ

ထိုမှတစ်ဆင့် သံတောင်ကြီးမြို့ သန့်ရှင်းသာယာတိုးတက်နေမှုနှင့် သံတောင်ကြီး-တောင်ငူလမ်းပိုင်း ပြုပြင်ထိန်းသိမ်းမှုအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး တောင်ငူမြို့သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်ငူမြို့တွင်း သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကျုံးပတ်လမ်းဖောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တောင်ငူမြို့ ရန်ကုန်- မန္တလေးလမ်း၊ ကျုံးပတ်လမ်းနှင့် ထီးလှိုင်လမ်းဆုံရှိ လမ်းလယ်ကျွန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ရန်ကုန်-မန္တလေးလမ်း ပြုပြင်နေမှုနှင့် ငမိုးရိပ်ရေထိန်းတံခါးကို စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၇

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် အောက်တိုဘာ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဘောနတ်ကြီးကျေးရွာ နယ်မြေခံတပ်ရင်း တပ်ရင်းရုံး၌ တပ်ရင်းအရာရှိများနှင့် တွေ့ဆုံသည်။**

ထို့နောက် တပ်တွင်း သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်ရင်းမိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြောက်ပိုင်းခရိုင် ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် B.O.T လုပ်ပိုင်ခွင့်ရ လမ်းအခြေအနေများ၊ လမ်းပြုပြင်ဆောင်ရွက်နေမှုများကို



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပသည့် ရန်ကုန် ကုန်စည်ပြပွဲ(၂၀၁၀) ဖွင့်ပွဲတွင် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် စစ်ပင်တောင်ကျေးရွာ ငမိုးရိပ်ရေထိန်းတံခါး ပြန်လည်တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကာ ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်တင်ငွေသည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၇ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် ရန်ကုန် ကုန်စည်ပြပွဲ (၂၀၁၀)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြခန်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာ နယ်မြေခံတပ်ရင်း တပ်ရင်းရုံး၌ တပ်ရင်းရှိ အရာရှိများအား တွေ့ဆုံပြီး တပ်တွင်း သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တပ်ရင်းမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် အိမ်ထောင်သည်ရဲမေများအား တွေ့ဆုံ၍ နယ်မြေခံတပ်ရင်းမိသားစုဝင်များအတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်း

ယင်းနောက် တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် အိမ်ထောင်သည်ရဲမေများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး နယ်မြေခံတပ်ရင်းမိသားစုဝင်များအတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသာဦး လားရှိုးခရိုင်၌ ရွေးကောက်ပွဲလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသာဦးသည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် လားရှိုးမြို့တော်ခန်းမ၌ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များအား တွေ့ဆုံပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ် ကိစ္စရပ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ မဲရုံခင်းကျင်းထားရှိမှု၊ မဲလက်မှတ်ထုတ်ပေးခြင်း၊ လျှို့ဝှက်ဆန္ဒပြုသည့် နေရာများနှင့် ဆန္ဒမဲပုံးနေရာများသတ်မှတ်ခြင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ လားရှိုးခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပညာရတနာခန်းမ၌ ကျင်းပသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှုများ၊ ပြည်သူများ ဆန္ဒမဲပေးခြင်း အဆင့်ဆင့်အလိုက် သရုပ်ပြသမှုများကို တက်ရောက်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါဆန္ဒမဲပေးသရုပ်ပြပွဲသို့ လားရှိုးခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာများမှ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လားရှိုးတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် ရပ်ကွက်အတွင်းရှိ ပြည်သူများ တက်ရောက်ကြသည်။

အလားတူ ရှင်းလင်းသရုပ်ပြပွဲကို အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌လည်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၈-၁၀-၂၀၁၀ (သောကြာနေ့)**
**(၁၃၇၂ ခုနှစ်၊ တော်သလင်းလကွယ်နေ့၊ ဥပုသ်နေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား
၈း၁၀ ၆။ သံသာချိုအေးမင်္ဂလာတေး
၈း၃၀ ၇။ International News
၈း၃၅ ၈။ Islands Of Dhamma
၈း၄၅ ၉။ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ) သဒ္ဓမ္မသီတဂူချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၃၅ ၄။ အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများ ဝတ်ရွတ်ပြိုင်ပွဲ (ဒုတိယဆု) [အထက(၂) စမ်းချောင်း] (စမ်းမာလာဝတ်ရွတ်အဖွဲ့)
၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
၅း၁၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၂၅ ၈။ နှောင်းခေတ်တေးပဒေသာ
၅း၃၅ ၉။ "ရိုးသားဖြူစင် ကလေးတို့အသွင်"
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့ . . . ရင်ခုန်သံ" (အပိုင်း-၂)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ "လျှပ်တစ်ပြက်ဟာသများ"
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ)(အပိုင်း-၂၈)**
၂၀။ **သီချင်းချစ်သူ (အထူးအစီအစဉ်)(အပိုင်း-၅)**
၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၂။ အစီအစဉ်ပြီး၏။

# ရန်ကုန် ကုန်စည်ပြပွဲ-၂၀၁၀ တွင် Samsung ပစ္စည်းများ ခင်းကျင်းပြသ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ ရန်ကုန် ကုန်စည်ပြပွဲ -၂၀၁၀ ကို AA Electronics Co., Ltd. က အဓိက ကူညီပံ့ပိုးပြီး နောက်ဆုံးပေါ် Samsung Electronics ပစ္စည်းများ ဖြစ်သည့် ၄၆ လက်မ၊ 3D-Full HD LED၊ 3D Blu-Ray Player, 3D Glass များနှင့် လက်မ ၄၀ LED၊ လက်မ ၄၀၊ ၃၂ လက်မ၊ ၂၆ လက်မ၊ ၂၂ လက်မ၊ ၁၉ လက်မ LCD များ၊ လက်မ ၅၀ Plasma၊ ၄၂ လက်မ Plasma များ၊ ၂၉ လက်မ၊ ၂၁ လက်မ တီဗွီများ၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အဝတ်လျှော်စက်တို့ကို ဝါကျွတ် အထူးဈေးနှုန်း၊ အထူးလက်ဆောင်များဖြင့် ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

**အထူးစည်ကား**

Samsung က ပထမဦးဆုံး LED နည်းပညာကို တီထွင်ထုတ်လုပ်ထားပြီး 3D Full HD LED ကိုလည်း ထပ်မံ ဆန်းသစ်ထုတ်လုပ်ထားသော ၄၆ လက်မ Full HD 3D LED+3D Blu-Ray Player+3D Glass များသည် ကမ္ဘာ့နံပါတ်(၁) ဈေးကွက်ရှယ်ယာ အများဆုံးရရှိထားကြောင်းနှင့် အခြား 3D LED များထက် နည်းပညာပိုင်း၊ ရုပ်သံပိုင်းတို့ကို ပိုမိုကြည်လင်ပြတ်သားပြီး ရုပ်လုံးကြွ ပုံရိပ်များဖြင့် လာရောက်ကြည့်ရှုလေ့လာကြသော ဈေးဝယ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

Samsung Electronics ပစ္စည်းများကို AA Electronics Co., Ltd. က တင်သွင်းဖြန့်ချိရောင်းချပေးပြီး ယင်းပစ္စည်းများကို ရန်ကုန်မြို့ အမှတ် (၄၀၈/၄၁၀) မဟာဗန္ဓုလလမ်း (၃၅) လမ်းထောင့်၊ အမှတ်(၁၄၆/၁၅၂) ပန်းဆိုးတန်းလမ်း(အလယ်)၊ အမှတ် (၁၃၇) မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ အမှတ်(၃၀၄/၃၀၅)တတိယထပ် Junction Centre မော်တင်၊ အမှတ်(၅၈) (၈၄)လမ်း (၂၅×၂၆ လမ်းကြား) မန္တလေးမြို့၊ အမှတ်(၁၀/၆၁) (က) ဗိုလ်တာရာလမ်း နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် တို့၌ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# သဲကုန်းအထက ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်

**ရန်ကုန် အောက်တိုဘာ ၇**

သဲကုန်း အထက ကျောင်းသား၊ ကျောင်းသူဟောင်းများက သက်ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၇၃ ဦးတို့အား (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် နံနက်စာ မိတ်ဆုံစားပွဲအား အောက်တိုဘာ ၂၂ ရက် (သောကြာနေ့) နံနက် ၁၀ နာရီခွဲတွင် မိတ်ဆုံစားပွဲအား လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် အာစရိယပူဇော်ပွဲအား လည်းကောင်း အဆိုပါကျောင်း သာဓုခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများ ထည့်ဝင်ပူဇော်နိုင်ကြောင်းနှင့် သဲကုန်း အထကတွင် အမှုထမ်းခဲ့ကြပြီး အသက်(၆၀)ပြည့်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအားလုံး တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဦးခင်မောင်ထွန်း(ရန်ကုန်) ဖုန်း-၀၉-၅၁၁၃၅၈၇၊ ဦးဝမ်းမြင့် (ရန်ကုန်) ဖုန်း - ၀၉-၅၀၈၂၉၆၂၊ ဦးဇော်ဝင်း(ရန်ကုန်) ဖုန်း-၀၁-၅၉၀၂၁၈၊ ဦးသိန်းဇော် (မန္တလေး) ဖုန်း-၀၉-၆၈၀၆၁၁၃၊ ဦးဆွေမြင့် (နေပြည်တော်) ဖုန်း-၀၆၇-၄၂၁၇၆၄၊ ၄၁၀၅၁၈၊ ဦးငွေလွင်(ပြည်) ဖုန်း-၀၅၃-၂၂၁၀၄၊ ၂၂၁၇၇၊ ဦးအေးလွင်(ပြည်) ဖုန်း-၀၅၃-၂၄၄၃၂၊ ဦးတင်ဦး (သဲကုန်း) ဖုန်း-၀၉-၅၀၉၉၇၅၉၊ ၀၅၃-၆၂၀၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)



ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝါတိုးအလယ်ရပ်ကွက် မဟာစည်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# ရန်ကုန်အနောက်ပိုင်းခရိုင် ဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ အောင်ပွဲရဘောလုံးအသင်းအား ဂုဏ်ပြု

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်အနောက်ပိုင်းခရိုင် ဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အောင်ပွဲရ လသာမြို့နယ် ဘောလုံးအသင်းအား ဂုဏ်ပြုသည့်အခမ်းအနားကို စက်တင်ဘာ ၉ ရက်က လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက ဂုဏ်ပြုအဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် အသင်းခေါင်းဆောင်က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

**ပြန်လည်ပေးအပ်**

ဆက်လက်၍ အသင်းခေါင်းဆောင်က တံခွန်စိုက်ဆုဖလားကြီးအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ်ထွေ/အုပ်)


## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၁၀ခုနှစ် အောက်တိုဘာလအတွက်**
**(၁၀-၁၀-၂၀၁၀)ရက်နေ့**
**နှင့်**
**(၃၁-၁၀-၂၀၁၀)ရက်နေ့**

# မလေးရှားနိုင်ငံ ပူထရာဂျာရာမြို့၌ ကျင်းပမည့် အာရှတက္ကသိုလ်များ လှေလှော်ပြိုင်ပွဲသို့ မြန်မာနိုင်ငံတက္ကသိုလ်များ လက်ရွေးစင်လှေလှော်အသင်းမှ ပြိုင်ပွဲဝင်များ သွားရောက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၇

**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်စီးပွားရေးတက္ကသိုလ် အားကစားအရာရှိ ဦးတင့်ဝေ ခေါင်းဆောင်သော တက္ကသိုလ်များ လက်ရွေးစင်လှေလှော်အသင်းမှ ပြိုင်ပွဲဝင်နှစ်ဦးတို့သည် မလေးရှားနိုင်ငံ ပူထရာဂျာရာမြို့၌ အောက်တိုဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် အာရှတက္ကသိုလ်များ လှေလှော်ပြိုင်ပွဲ (၂၀၁၀)သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အောက်တိုဘာ ၄ ရက်တွင် ထွက်ခွာသွားကြသည်။**

ရန်ကုန်စီးပွားရေးတက္ကသိုလ် အားကစားအရာရှိ ဦးတင့်ဝေ ခေါင်းဆောင်သော တက္ကသိုလ်များလက်ရွေးစင်လှေလှော်အသင်းမှ ပြိုင်ပွဲဝင်များအား ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ တာဝန်ခံ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲသို့ တက္ကသိုလ်များလက်ရွေးစင်လှေလှော်အသင်းမှ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဒုတိယနှစ်(ဘောဂ)ကျောင်းသား မောင်ကျော်မင်းခိုင်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တတိယနှစ်(ရုရှားဘာသာ) ကျောင်းသား မောင်ရဲမာန်ဦးတို့က တစ်ယောက်လှော်ပြိုင်ပွဲနှင့် နှစ်ယောက်လှော်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၇

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တပ်ကုန်းမြို့နယ်တွင် သုည ဒသမ ၉၀ လက်မ၊ မအူပင်မြို့တွင် ၅ ဒသမ ၆၃ လက်မ၊ မြင်းမူမြို့တွင် ၅ ဒသမ ၅၅ လက်မ၊ ဖျာပုံမြို့တွင်၄ ဒသမ ၃၃ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ကလေးဝမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ မြင်းခြံမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ပခုက္ကူမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ရွှေဘိုမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ စစ်ကိုင်းမြို့တွင် ၂ ဒသမ ၆၄ လက်မနှင့် ညောင်ဦးမြို့တွင် ၂ ဒသမ ၅၁ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**ထူးခြားသည့်အခြေအနေ။** ။ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေခဲ့သောအပူပိုင်းမုန်တိုင်းငယ်သည် တရုတ်နိုင်ငံ ဟိုင်နန်ကျွန်း၏ အနောက်ဘက် မိုင် ၅၀ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေပြီး သိသိသာသာရွေ့လျားခြင်းမရှိဘဲ ဆက်လက်တည်ရှိနေသည်။

**အောက်တိုဘာ ၈ ရက် ညနေထိခန့်မှန်းချက်။** ။ ကယားပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## နိုင်ငံတကာအားကစားသတင်းများ



အင်တာမီလန်နှင့် စာချုပ်သက်တမ်းတိုး ချုပ်ဆိုမည့် ရှနိုက်ဒါ။

### ရှနိုက်ဒါ အင်တာမီလန်နှင့် စာချုပ်သစ် ချုပ်ဆိုမည်

**မီလန် အောက်တိုဘာ ၇**

အင်တာမီလန်အသင်းမှ နယ်သာလန်ကွင်းလယ်ကစားသမား ရှနိုက်ဒါသည် အသင်းနှင့် စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုသွားမည်ဟု ဆိုသည်။ ရှနိုက်ဒါသည် ယခုနှစ် ဘောလုံးရာသီအတွက် အင်္ဂလိပ်ပရီမီယာလိဂ်ကလပ် မန်ယူသို့ ရောက်ရှိရန် ရေပန်းစားခဲ့သော်လည်း ယခုတွင်မူ အင်တာမီလန်အသင်း၌သာ ဆက်လက်ကစားရန် ဆန္ဒရှိသည်ဟု ဆိုသည်။ ***အင်တာနက်။***

### ချယ်လ်ဆီးအသင်း ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရ

**လန်ဒန် အောက်တိုဘာ ၇**

ယခုနှစ် ဘောလုံးရာသီ အင်္ဂလိပ်ပရီမီယာလိဂ်တွင် ခုနစ်ပွဲကစားအပြီး၌ ရမှတ် ၁၈ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင်ရပ်တည်နေသည့် ချယ်လ်ဆီးအသင်းမှာ ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းတွင် လမ်းပတ်မှာကြွခိုင်မှု အပြည့်အဝမရှိသေးပေ။ ထို့ပြင် ယခုနှစ်တွင်မှ အသစ်ဝယ်ယူထားသည့် ဘီနာယောင်မှာလည်း အနည်းဆုံး နောက်ထပ် သုံးပတ်ခန့် အနားယူရဦးမည်ဖြစ်သည်။ ထိုသို့ ဒဏ်ရာများဖြင့် ကြုံတွေ့နေရသည့် ချယ်လ်ဆီးအတွက် နောက်ထပ်အားထားရသည့် ကစားသမားတစ်ဦးဖြစ်သည့် ဗဟိုခံစစ်ကစားသမား အဲလစ်မှာလည်း ပွဲစဉ်(၇)တွင် အာဆင်နယ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲ၌ ပေါင်ကြွက်သားဒဏ်ရာ ရရှိခဲ့သည်။ ယင်းဒဏ်ရာကြောင့် အဲလစ်သည် သုံးပတ်ခန့် အနားယူရမည်ဖြစ်ခြင်းကြောင့် ဘာရာဇီးနှင့်အီရန် ကစားမည့်ပွဲကို လွဲချော်ရတော့မည်ဖြစ်သကဲ့သို့ ချယ်လ်ဆီးအသင်းကစားရမည့် ဗီလာ၊ ဝုလ်ဗာဟမ်တန်နှင့် စပါးတပ်မော်စကိုနှင့် ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်ကိုလည်း လွဲချော်ရတော့မည်ဖြစ်သည်။ သို့သော် ချယ်လ်ဆီးအသင်းသည် ဤကဲ့သို့ ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့နေရပါသော်လည်း အရန်ကစားသမား အင်အားတောင့်တင်းနေမှုက သက်သာရာ ရစေမည်ဖြစ်သည်။ ***အင်တာနက်။***

### လီဗာပူးအသင်းကို ဂျွန်ဟင်နရီ ဝယ်ယူမည်ဟုဆို

**လန်ဒန် အောက်တိုဘာ ၇**

ပရီမီယာလိဂ် ပွဲစဉ်(၇) အပြီးတွင် အဆင့်(၁၈)ကို ရောက်သည်အထိ သမိုင်းတစ်လျှောက်တွင် အဆိုးရွားဆုံး ရလဒ်များနှင့် ရင်ဆိုင်နေရသည့် လီဗာပူးအသင်းကို တွမ်ဟစ်နှင့် ဂျော့ဂျီးလက်စ်တို့ထံမှ အမေရိကန်စီးပွားရေးလုပ်ငန်းစုတစ်ခုဖြစ်သည့် နယူးအင်္ဂလန် အားကစားလုပ်ငန်းစု(New England Sports Ventures) ပိုင်ရှင်ဖြစ်သူ ဂျွန်ဟင်နရီကဝယ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဟုဆိုသည်။

လီဗာပူးအသင်းအားပေါင်သန်း ၃၀၀ ဖြင့် ရောင်းချမည့်ကိစ္စကို အောက်တိုဘာ ၈ရက်တွင် အပြီးအပိုင် ဆုံးဖြတ်ပေးမည်ဟု ဆိုသည်။ လီဗာပူးအသင်းကို ဝယ်ယူမည့် ဂျွန်ဟင်နရီသည် နယူးအင်္ဂလန် အားကစားကွန်ရက်၊ ဘော့စတွန်ရက်ဆော့ဘေ့စ်ဘောအသင်း၊ဖန်ဝေးအားကစားကွင်း၊ ဖန်ဝေးအားကစားလုပ်ငန်းစုနှင့် ရတ်ချ်ဖန်ဝေးပြိုင်ကားအဖွဲ့တို့ကို ပိုင်ဆိုင်သူဖြစ်သည်။ ***အင်တာနက်။***



လီဗာပူးအသင်းကို ဝယ်ယူရန် ပြင်ဆင်နေသည့် ဂျွန်ဟင်နရီ။

**ဝင်းတင်(ကြေးမုံ)**



● ကျောဖုံးမှ

အားကစားမယ်ကြူကြူသင်းနှင့် နှင်းမို့မို့နိုင်တို့ သွားရောက်ယှဉ်ပြိုင်ခြင်းမှ အစပျိုးခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် (AIBA)၏ ဖိတ်ကြားချက်အရ အဆိုပါပြိုင်ပွဲသို့ မြန်မာလက်ဝှေ့မယ်နှစ်ဦးနှင့် နည်းပြချုပ် ဦးတင်မောင်ဖေတို့ သွားရောက်ခဲ့ကြပြီး မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်က စက်တင်ဘာ ၁၂ ရက်နေ့တွင် ဘာဘေးဒိုးနိုင်ငံသို့ သွားရောက်ခဲ့ပြီး ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် (AIBA) ဥက္ကဋ္ဌ Dr. Chin Ko Wu ထံသို့ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းက ပေးပို့သော သဝဏ်လွှာကို ပေးအပ်ခဲ့သည်။ ထို့နောက် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူးတို့ ပြိုင်ပွဲကာလတစ်လျှောက်လုံး အချိန်ရတိုင်း ဆွေးနွေးခွင့်များ ရရှိခဲ့သည်။

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးတင်လှိုင်က မြန်မာနိုင်ငံ၏ လက်ဝှေ့သမိုင်းကြောင်း၊ နိုင်ငံတစ်ဝန်းရှိ လက်ဝှေ့ကလပ်များအကြောင်း၊ နိုင်ငံတော်က အားပေးကူညီမှု၊ ဒိုင်နှင့် နည်းပြများအတွက် သင်တန်းများ ဖွင့်လှစ်နိုင်ရန် အကူအညီပေးရေး၊ လူငယ်လက်ဝှေ့ကစားသမားများ မွေးထုတ်ရန် သင်တန်းများ ဖွင့်လှစ်ရန်အတွက် အကူအညီပေးရေး၊ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ၌ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် လက်ဝှေ့အားကစားပြိုင်ပွဲ၌ လိုအပ်မှုများ ကူညီပေးရေး၊ လက်ဝှေ့အားကစား ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများမှ နည်းပြများ ငှားရမ်းနိုင်ရေး၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် ထူးချွန်သောနိုင်ငံများမှ လက်ဝှေ့သမားများအား Joint Training နှင့် ချစ်ကြည်ရေးပြိုင်ပွဲများ ကျင်းပရန် အစီအစဉ်များ၌ အကူအညီပေးရေးနှင့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်ဒိုင်နှင့် နည်းစနစ်မှူးများအတွက် မြန်မာနိုင်ငံမှ ပုဂ္ဂိုလ်များအား သင်တန်းပို့ချခြင်း၊ စာမေးပွဲဖြေဆိုခွင့် ပံ့ပိုးခြင်းများ ပြုလုပ်ပေးရန်တို့ကို တင်ပြဆွေးနွေးပြီး မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၏ ၂၀၁၁ မှ ၂၀၂၁ အထိ ၁၀ နှစ်စီမံကိန်း ရေးဆွဲထားမှုကိုလည်း တင်ပြခဲ့သည်။

AIBA ဥက္ကဋ္ဌက ယခု ဆွေးနွေးတင်ပြချက်များကို လှိုက်လှဲစွာ လက်ခံပါကြောင်း၊ မြန်မာ့လက်ဝှေ့လောက ဖွံ့ဖြိုးမှုအတွက် လိုအပ်ချက်များကို အစွမ်းကုန်ကူညီပါမည့်အကြောင်း၊ မြန်မာ့လက်ဝှေ့အဖွဲ့ချုပ်၏ လက်ဝှေ့ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုကို AIBA မှ အထူးကြိုဆိုပါကြောင်း၊ AIBA အစီအစဉ်များကိုလည်း အမြဲမပြတ် သတင်းပေးပို့နေပါမည့်အကြောင်း၊ အထူးတင်ပြချက်များကိုလည်း AIBA ၏ Congress အစည်းအဝေးများ၌ ဆွေးနွေးညှိနှိုင်းရန် စာဖြင့် ထပ်မံတင်ပြပေးစေလိုကြောင်း၊ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအားလည်းကောင်း၊မြန်မာ့လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ကော်မတီများအားလုံးတို့ကိုလည်းကောင်း၊ လက်ဝှေ့အားကစား၌ ထူးချွန်ခဲ့သော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်အား လည်းကောင်း၊ လက်ဝှေ့အားကစားလောက အောင်မြင်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နေမှုများကို ဂုဏ်ယူပါကြောင်းနှင့် ဆက်လက် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း ပို့သသောစကားကို အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်မှတစ်ဆင့် ပြန်လည်ပြောကြားပေးပါရန် လှိုက်လှဲစွာ ပြောဆိုခဲ့သည်။

ကမ္ဘာ့အမျိုးသမီးလက်ဝှေ့ချန်ပီယံပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကြူကြူသင်းသည် အာရှချန်ပီယံ လီမြောင်ဘတ် ကို ၁၁-၅ ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ပြိုင်ပွဲအတွေ့အကြုံများစွာရခဲ့သည်။ လီမြောင်ဘတ်သည် အာရှချန်ပီယံလုပွဲတွင် ရုရှားလက်ဝှေ့မယ်ကို ၁၁-ဝဖြင့် အပြတ်နိုင်ခဲ့သော်လည်း ကြူကြူသင်းက ၁၁-၅ ရအောင် ယှဉ်ပြိုင်နိုင်ခဲ့သည်။ နှင်းမို့မို့နိုင် ယှဉ်ပြိုင်ရသော ရိုမေးနီးယားလက်ဝှေ့မယ်သည်လည်း ဥရောပလက်ဝှေ့(EUBC) ချန်ပီယံဟောင်းတစ်ဦးဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၀ တွင် ၁၄၀ ကို ဖိတ်ကြားထားပြီး နိုင်ငံ ၈၀ လာရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာလက်ဝှေ့မယ်များသည် နည်းစနစ်ပိုင်း အားနည်းမှုကြောင့် အမှတ်ပေး၍ ရှုံးရသော်လည်း သူတင်ကိုယ်တင် ထိုးသတ်နိုင်သည့်အတွက် ပြိုင်ပွဲဝင်နိုင်ငံများ၏ လေးစားမှုကိုရရှိခဲ့သည်။ ။

# အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၇**

ဝါဏိဇ္ဇတွဲ့ရများအသင်း(မြန်မာနိုင်ငံ)မှ ကြီးမှူး၍ ပါမောက္ခ ဦးမော်သန်းက Small and Medium Sized Entities များမှ လိုက်နာကျင့်သုံးရမည့် Statement of Financial Position ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/၄၁) လမ်း(၅၀) ဗိုလ်တထောင်မြို့နယ်၌ အောက်တိုဘာ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ CPE အတွက် အကျုံးဝင်မည်ဖြစ်၍ သိရှိလိုပါက ဖုန်း-၂၉၁၆၆၇ နှင့် ၇၃၀၈၀၂၆၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

# ဖာပွန်မြို့နယ်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၇**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် တောင်သူကျေးရွာနေ ဦးအောင်မျိုးသည် အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ဝါးခုတ်ရန်ရွာမှထွက်လာစဉ် ရွာနှင့်တစ်ဖာလုံခန့်အရောက်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့သဖြင့် ကမမောင်းဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်း မိုင်းနင်းမိပေါက်ကွဲမှုကြောင့် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၄ ရက်အထိ သေဆုံးသူ အမျိုးသားရှစ်ဦး၊ အမျိုးသမီးသုံးဦး ပေါင်း ၁၁ ဦးနှင့် ဒဏ်ရာရရှိသူ အမျိုးသား ၅၁ဦး၊ အမျိုးသမီးခုနစ်ဦး ပေါင်း ၅၈ ဦးရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

## သံတောင်ကြီးနှင့် တောင်ငူမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွဋ်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့ နယ်မြေခံတပ်ရင်း တပ်ရင်းရုံး၌ တပ်ရင်းရှိ အရာရှိများအား တွေ့ဆုံပြီး တပ်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဘုရင့်နောင်တပ်မြို့ တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး တပ်နယ်အတွက် လက်ဆောင် ပစ္စည်းများပေးအပ်၍ တပ်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ◆

"ဝ" ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးစိုင်းပေါ်င်းနပ်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၄)နှင့် ပလုံ-ဝေါ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစောခင်မောင်မြင့်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၅) တွင် ဖော်ပြထားပါသည်။

## မုန်တိုင်းငယ် အရှေ့မြောက်ဘက်သို့ ရွေ့လျားမည်

နေပြည်တော် အောက်တိုဘာ ၇

ယနေ့ ည ၈ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနေပြီး အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ (Kolkata)၏ အနောက်တောင်ဘက် မိုင် ၄၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်တို့ ရင်းနှီးနွေးထွေးသော ဆက်ဆံရေး တည်ဆောက်နိုင်ခဲ့သည့် ကမ္ဘာ့အမျိုးသမီး လက်ဝှေ့ချန်ပီယံပြိုင်ပွဲ

သတင်းဆောင်းပါး
ဇင်လင်းထွန်း(ခနုဖြူ)

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် (MBF)နှင့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်(AIBA) တို့ ဘာဘေးဒိုးနိုင်ငံတွင် တွေ့ဆုံကာ မြန်မာနိုင်ငံ၏ လက်ဝှေ့အားကစား တိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲသည် စက်တင်ဘာလအတွင်းက ဘာဘေးဒိုးနိုင်ငံတွင် ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် ကမ္ဘာ့အမျိုးသမီး လက်ဝှေ့ချန်ပီယံပြိုင်ပွဲသို့ မြန်မာအမျိုးသမီး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့●

(၆) ကြိမ်မြောက် ကမ္ဘာ့ အမျိုးသမီး လက်ဝှေ့ ချန်ပီယံပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ လက်ဝှေ့အားကစားအဖွဲ့အား တွေ့ရစဉ်။

